ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 29 March 2024 ၁၁၄၁၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုအားကောင်းစေရန်အပါအဝင် စစ်ဘက်နှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကြိုးပမ်းမှုများအတွက် တပ်မတော်နှစ်ရပ်အကြား ဆုတံဆိပ်များ အပြန်အလှန်ပေးအပ်ခြင်းအခမ်းအနား ကျင်းပပြုလုပ်



နေပြည်တော် မတ် ၂၈

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုအားကောင်းစေရန်အပါအဝင် စစ်ဘက်နှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကြိုးပမ်းမှုများ အတွက် တပ်မတော်နှစ်ရပ်အကြား ဆုတံဆိပ်များ အပြန်အလှန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးကောင်စီဥက္ကဋ္ဌ Mr. Pavel GUSEV၊ စစ်သံမှူး Colonel KURCHENKO Sergei Semyonovich နှင့် ရုရှား တပ်မတော်မှ အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "သီရိသီဟကျော်တံဆိပ်"ရရှိသူ စစ်သံမှူး Colonel KURCHENKO Sergei Semyonovich အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် ချီးမြှင့်အပ်နှင်းစဉ်။

**ယနေ့ ဖတ်စရာ**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်း အတွဲများ ရောင်းချသွားမည်

စာမျက်နှာ » ၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၆

မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြောက်ဦးမြို့နယ်

ဆောင်းပါး စာမျက်နှာ » ၁၂

ကြေးမုံ

# နိုင်ငံချစ်စိတ်ဖြင့် တိုင်းပြည်ကိုလက်တွဲကာကွယ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ နှစ်ပေါင်းထောင်ချီ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ အတူတကွနေထိုင်ကြပြီး ပြည်ပအန္တရာယ်ပေါ်ပေါက်လာပါက အတူလက်တွဲ တွန်းလှန်ခဲ့ကြသည်။ ပြည်တွင်း၌ ဖြစ်ပေါ်ခဲ့သောပြဿနာများကိုလည်း အတူလက်တွဲဖြေရှင်းခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုဖြင့် အေးချမ်းစွာနေထိုင်ခဲ့ကြသည်။

သို့သော် လွတ်လပ်ရေးရရှိသည့်အချိန်တွင် ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲနှင့် သွေးခွဲသပ်လျှိုပေးမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်လာခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူများမှာ အတိဒုက္ခအမျိုးမျိုး ရောက်ခဲ့ကြသည်။ ခေတ်အဆက်ဆက်အစိုးရများက တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများလူမှုဘဝအဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ကြိုးပမ်းမှုများမှာ အရာမထင်ဘဲ ပဋိပက္ခသံသရာတွင် ဝဲလည်နေခဲ့သည်။ အကျိုးဆက်မှာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျပြီး တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ နိမ့်ကျနေဆဲဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ် အားကောင်းစေရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်နှင့် "တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး" ဆိုသည့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ပြီးစီးပါက ရွေးကောက်ပွဲများကျင်းပပြီး နိုင်ငံတော်တာဝန် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်နေချိန်တွင် EAO အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ရွေးကောက်ပွဲပျက်ပြားစေရန်နှင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေရန် အဖျက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။ အဖျက်လုပ်ရပ်များ မည်သို့ဆောင်ရွက်နေသည်ဖြစ်စေ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရေးကို ဦးဆောင်အကောင်အထည်ဖော်ပေးနေပြီး ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မားမားမတ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်။

EAO အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် လက်နက်ဖြင့် အကြောက်တရားများကို ဖန်တီးပြီး လူသစ်စုဆောင်းမှုကို အရှိန်တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့်အပြင် လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်ကာ လှုံ့ဆော်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လူမျိုးများစွာစုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတွင် လူမျိုးကိုအခြေခံသည့် လက်နက်ကိုင်ဖွဲ့စည်းခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးပြီး စည်းလုံးညီညွတ်မှုကို ထိခိုက်စေသည်။ လက်နက်ကိုင်ပဋိပက္ခများဖန်တီးခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေပြီး ပြည်သူများသာ ဒုက္ခအခက်အခဲများဖြစ်စေသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဒေသအချို့တွင် ဖြစ်ပေါ်နေသောတိုက်ခိုက်မှုများက သက်သေပြလျက်ရှိသည်။

ထို့ကြောင့် "တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့များအပါအဝင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ပြည်သူလူထုနှင့်အတူလက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည့်ဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စွန့်လွှတ်စွန့်စားသူများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း" (၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထားနှင့် လက်ရှိကမ္ဘာတွင် ဖြစ်ပျက်နေသောအခြေအနေများအရ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ကာကွယ်ရေးကို ဦးစားပေးဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ တပ်မတော်ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုအပ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို လုပ်ဆောင်ခြင်းထက် ဥပဒေနှင့် ပိုမိုညီညွတ်ပြီး စည်းစနစ်ကျသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် အဆီလျော်ဆုံးဖြစ်သည်။ ထို့ကြောင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အရန်တပ်ဖွဲ့ဥပဒေအာဏာတည်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံသားအားလုံးတွင်လည်း တာဝန်ရှိသည်ဖြစ်ရာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် ဥပဒေများနှင့်အညီ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်မြတ်နိုးသောစိတ်ဖြင့် တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ်(၁)၊ ရဲဗိုလ်ချုပ် အောင်အောင် အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မတ် ၂၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် CHANGAN DEEPAL S7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပထမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၉၄၈ ပါး/ဦး အနက် ၁၂၅၅၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၉၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများ ရောင်းချသွားမည်

နေပြည်တော် မတ် ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၃ ရက်မှ ၁၂ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၃၇၃ | ၃,၁၃၃,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁၄၂ | ၄၀၅,၂၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၁၉ | ၉၂၈,၂၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၅၁ | ၇၆,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၅၀၀ | ၆၁ | ၁၅၄,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၅၆၀ | ၉၆၂,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၁,၈၅၀ | ၁,၈၅၀ | ၁၁၀ | ၂၀၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်” ဂါရဝပြုချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “သီရိသီဟကျော်တံဆိပ်”ရရှိသူ Captain 2nd rank YASHIN Dmitry Valerievich အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “သီရိသီဟကျော်တံဆိပ်”ရရှိသူ Captain 2nd rank SHILKOV Vitaly Vasilyevich အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “သီရိသူရကျော်တံဆိပ်”ရရှိသူ Colonel(Rtd) SARATOV Sergei Nikolaevich အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် ချီးမြှင့်အပ်နှင်းစဉ်။

☆ **ရှေ့ဖုံးမှ**

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက မတ် ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၄ ဖြင့် ခေတ်မီတပ်မတော် တည်ဆောက်နိုင်ရန် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှပုဂ္ဂိုလ်များအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များပေးအပ်သည့်အမိန့်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခံရသူများအနက် **“သီရိသီဟကျော်တံဆိပ်”** ရရှိသည့် Colonel KURCHENKO Sergei Semyonovich၊ Captain 2nd rank YASHIN Dmitry Valerievich၊ Captain 2nd rank SHILKOV Vitaly Vasilyevich နှင့် **“သီရိသူရကျော် တံဆိပ်”** ရရှိသည့် Colonel(Rtd) SARATOV Sergei Nikolaevich တို့အား ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များကို လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ Captain 2nd rank YASHIN Dmitry Valerievich က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၇၇ ဖြင့် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများအား စွမ်းဆောင်ဆုတံဆိပ်များဖြစ်သည့် **“နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်”** နှင့် **“တိုက်ပွဲဝင်သွေးသောက်စိတ်မြှင့်တင်မှု ဆုတံဆိပ်”** တို့ကို ချီးမြှင့်အပ်နှင်းသည့် အမိန့်အား ဖတ်ကြားတင်ပြသည်။

**စာမျက်နှာ ၄ သို့ ☆**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်” ချီးမြှင့်အပ်နှင်းစဉ်။

## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin နှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။





ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က ဗိုလ်ချုပ်ကြီး မြထွန်းဦးထံ "နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်" ချီးမြှင့်အပ်နှင်းစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က ဗိုလ်ချုပ်ကြီး မောင်မောင်အေးထံ "နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ဆုတံဆိပ်" ချီးမြှင့်အပ်နှင်းစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးထံ "နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်" ချီးမြှင့်အပ်နှင်းစဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က **"နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်"** ချီးမြှင့်အပ်နှင်းခြင်းခံရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဆုတံဆိပ်ကို ဂါရဝပြု ချီးမြှင့်အပ်နှင်းသည်။

### ချီးမြှင့်အပ်နှင်း

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက **"နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်"**ချီးမြှင့်အပ်နှင်းခြင်းခံရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် အဆင့်မြင့် တပ်မတော်အရာရှိကြီးများကို ဆုတံဆိပ်များ တစ်ဦးချင်း ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက **"တိုက်ပွဲဝင်သွေးသောက်စိတ် မြှင့်တင်မှု ဆုတံဆိပ်"** ချီးမြှင့်ခြင်းခံရသည့် ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများကို ဆုတံဆိပ်များ တစ်ဦးချင်း ချီးမြှင့်အပ်နှင်းသည်။

### အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တက်ရောက်လာကြသူများသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက် လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က ဗိုလ်ချုပ်ကြီး မိုးအောင်ထံ "နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်" ချီးမြှင့်အပ်နှင်းစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က ဗိုလ်ချုပ်ကြီး ထွန်းအောင်ထံ"တိုက်ပွဲဝင်သွေးသောက်စိတ်မြှင့်တင်မှု ဆုတံဆိပ်" ချီးမြှင့်အပ်နှင်းစဉ်။

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုညှော်ခံပွဲအခမ်းအနား ကျင်းပ

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရား ပိုမိုခိုင်မာစေရန် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် လက်တွဲလုပ်ဆောင်သွားမည်





**နေပြည်တော် မတ် ၂၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနက နေပြည်တော်ရှိ KMA နေပြည်တော်ဟိုတယ်၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးစီမံကိန်းများ အကောင်အထည် ဖော်ခဲ့သည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုမိန့်ခွန်းတစ်ရပ် ပြောကြားရာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စတင်ပေါ်ပေါက်လာပုံနှင့် ထိုပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှု ရလဒ်များအတွက် ပါဝင်ပံ့ပိုးပေးခဲ့ကြသော မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများအား ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးချုပ်က မဲခေါင်မြစ်သည် နိုင်ငံဖြတ်ကျော် စီးဆင်းလျက်ရှိသည့် မြစ်ကြီးတစ်စင်းဖြစ်ပြီး၊ မဲခေါင်နိုင်ငံ ခြောက်နိုင်ငံအားလုံးတို့အား သာတူညီမျှစွာ အကျိုးပြုလျက်ရှိကြောင်း၊ မဲခေါင်မြစ်သည် မဲခေါင်မြစ်တစ်လျှောက်တွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထုအတွက် စားရေရိက္ခာနှင့် ဝင်ငွေရရှိစေသည့် အဓိကအရင်းအမြစ်တစ်ခုပင်ဖြစ်ကြောင်း၊ မဲခေါင်နိုင်ငံများအနေဖြင့် မဲခေါင်မြစ်၏ အကျိုးကျေးဇူးများကို မျှဝေခံစားလျက်ရှိသကဲ့သို့ မဲခေါင်မြစ်ကြီးကို ကာကွယ်ထိန်းသိမ်းရန် မဲခေါင်နိုင်ငံများအားလုံးတွင် တာဝန်ရှိကြောင်း၊ မဲခေါင်မြစ်နှင့်ဆက်စပ်၍ တည်ထောင် အကောင်အထည်ဖော်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများနှင့် အစီအစဉ်များအနက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အအောင်မြင်ဆုံး ပူးပေါင်းဆောင်ရွက်မှုတစ်ခုဟု ဆိုနိုင်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် စတင်ပေါက်ဖွားလာခဲ့ပြီး မဲခေါင်မြစ်အား မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုလျက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးယန္တရားကို စတင်ထူထောင်ရန် ဆုံးဖြတ်ခဲ့သည့် မဲခေါင်-လန်ချန်း ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုအပေါ် ဂုဏ်ပြုလိုကြောင်း၊ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာသန်း ၃၀၀ မတည်ထူထောင် ထည့်ဝင်ပေးခဲ့သည့် တရုတ်နိုင်ငံကို ကျေးဇူးအထူးတင်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ တရုတ်နိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း ဝန်ကြီးအဆင့် အစည်းအဝေး သုံးကြိမ် ကျင်းပနိုင်ခဲ့ကြောင်း၊ ထို့ပြင် စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ခေါင်းဆောင်များ အစည်းအဝေး၌ အရေးပါသည့် "နေပြည်တော် ကြေညာစာတမ်း"၊ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ငါးနှစ်တာ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇)" နှင့် "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တီထွင်ဆန်းသစ်မှုစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲအစီအစဉ်" တို့ကို အောင်မြင်စွာ အတည်ပြုနိုင်ခဲ့ခြင်း၊ တရုတ်နိုင်ငံမှ ထောက်ပံ့လျက်ရှိသော မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ၏ အရေးပါမှုနှင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်းတန်ဖိုးရှိ စီမံကိန်းပေါင်း ၁၀၆ ခုကို လက်ခံရရှိကာ နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးကျေးဇူးများစွာ ရရှိခဲ့ခြင်းတို့ကို အကျယ်တဝင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်က အနာဂတ်တွင်လည်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ယန္တရား ပိုမိုခိုင်မာစေရန် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လက်ရှိပူးတွဲ ဥက္ကဋ္ဌ ထိုင်းနိုင်ငံနှင့်လည်း အပြည့်အဝ ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခိုင်မာသော ကတိကဝတ်ကိုထပ်လောင်း အတည်ပြုပြောကြားခဲ့ပြီး နေ့စဉ်ထုတ် မြန်မာသတင်းစာများ၌ မကြာသေးမီက ရေးသားဖော်ပြခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်းပါးအပေါ် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်က နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ ဦးဆုံးအဆိုပြုခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှုယန္တရားကို တရားဝင်စတင်ခဲ့ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ရှစ်နှစ်တာကာလအတွင်း ဒေသတွင်း၌ မီးရထားလမ်း၊ ကားလမ်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားလိုင်း ချိတ်ဆက်မှုစသည့်ကဏ္ဍများတွင် တိုးတက်မှုများစွာရရှိခဲ့ကြောင်း၊ ပို့ဆောင်ချိတ်ဆက်မှုကဏ္ဍတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့ကို အရှိန်အဟုန်မြှင့်တင်စေနိုင်ခဲ့ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း စုစုပေါင်း ၇၀၀ ကျော်အား အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ခဲ့ကြောင်း၊ ယမန်နှစ်က တရုတ်နိုင်ငံ၏စီးပွားရေးသည် တိုးတက်မှုနှုန်း ၅ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ သုံးပုံတစ်ပုံခန့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုသည် မြန်မာနိုင်ငံနှင့် အခြားမဲခေါင်နိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်လာနိုင်သည့်နည်းတူ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း တွန်းအားများ ဖြစ်ပေါ်စေနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ညှော်သည်တော်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ဂုဏ်ပြုညှော်ခံပွဲကို ဆက်လက်ကျင်းပရာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြကာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့က အနုပညာရှင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

မဲခေါင် - လန်ချန်းဒေသ ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူမှုဘဝသာယာဝပြောရေးအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို စတင်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်၍ ပူးပေါင်းဆောင်ရွက်မှု ရှစ်နှစ်တာကာလအတွင်း ထင်သာမြင်သာရှိသော ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ရကာ မြန်မာနိုင်ငံအနေဖြင့် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးကျေးဇူးရလဒ်များကို ခံစားရလျက်ရှိသည်။

သတင်းစဉ်

---



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်သွားလာမှုများ စီမံခန့်ခွဲရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၂၈

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) နာယက ဦးခွန်ဥက္ကာ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်( DKBA)မှ စောကျော်သန်းဌေး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် စောမောင်မောင်၊ မွန်ပြည်သစ်ပါတီ(NMSP)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကား ပြောကြားရာတွင် (၇၉) နှစ်မြောက် တပ်မတော်နေ့အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မိန့်ကြားခဲ့သည့် NCA နှင့် စပ်လျဉ်းသည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒ (၆) ရပ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းက နှုတ်ခွန်းဆက် စကားပြောကြားရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေး ကိစ္စများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)အား ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် INGO အဖွဲ့တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လိုအပ်သော အကူအညီများ ပေးအပ်နိုင်ရေး စီမံကိန်း" လျာထား ဆောင်ရွက်နိုင်မည့် အခြေအနေများကို လည်းကောင်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအား ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၃ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများ၏ သဘောထားများ ဆွေးနွေးရန်ကိစ္စ၊ ညှိနှိုင်းရေးကော်မတီနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးမည့် နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် အလုပ်အဖွဲ့တို့ ဖွဲ့စည်းနိုင်ရေး ကိစ္စများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည့် အချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ညှိနှိုင်းရေးကော်မတီ၏ Vision နှင့် Mission များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှု အခြေအနေများနှင့် NCA ၏ မဟာဗျူဟာ (၃) ရပ်နှင့်အညီ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသူများကမိမိတို့၏သဘောထားအမြင်များ၊ အကြံပြုချက်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် နိုင်ငံရေးပါတီများကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးအေးလွင်က ကျေးဇူးတင်စကားပြောကြားပြီး ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီးနှံ့သစ်တောရောနှောစိုက်ပျိုးခြင်း မြှင့်တင်ရေးစီမံကိန်း အောင်မြင်စွာပြီးမြောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




နေပြည်တော် မတ် ၂၈

သီးနှံ့သစ်တောရောနှောစိုက်ပျိုးခြင်း မြှင့်တင်ရေးစီမံကိန်း အောင်မြင်စွာပြီးမြောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ စီမံကိန်းဧရိယာမှ ဒေသခံများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းအား မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် စီမံကိန်းကာလနှစ်နှစ် ခြောက်လသတ်မှတ်၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကဲဖြတ်သုံးသပ်ရန်၊ သီးနှံ့သစ်တော ရောနှောစိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာပိုင်းနှင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ သုံးသပ်ရန် ယခုအလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသယံဇာတများကို လက်ရှိနှင့် နောင်အနာဂတ်မျိုးဆက်များအတွက် စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးနှင့် သစ်တောများ ပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသား သစ်တောကဏ္ဍ နှစ် ၃၀ ပင်မစီမံကိန်းအရ ဧရိယာ ဧက ၂ ဒသမ ၂၇ သန်း တည်ထောင်ရန် ရည်မှန်း ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ဧရိယာ ဧက ၁ ဒသမ ၁၆ သန်းကျော်ကို သီးနှံ့သစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ကြောင်း။

သီးနှံ့သစ်တော ရောနှောစိုက်ပျိုးခြင်းနည်းစနစ်သည် ဒေသခံပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်သာမက ရာသီဥတုပြောင်းလဲမှုကို လျော့ကျစေပြီး သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုပါ ရရှိစေသည့်အတွက် အကျိုးရှိသော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ထာဝစဉ်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များဖြစ်သည့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရေအရည်အသွေးကောင်းမွန်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက်လည်း အထောက်အကူပြုလျက်ရှိကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံ့သစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ကို အခြေခံသော လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးဖြစ်ထွန်းစေရေးအတွက် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် မှာကြားသည်။

ထို့နောက် စီမံကိန်းအတွင်း သီးနှံ့သစ်တောရောနှောစိုက်ပျိုးခြင်းစနစ်အပေါ် အခြေခံသည့် ဆောင်ရွက်ချက်များကို စီမံကိန်းတာဝန်ရှိသူများက လည်းကောင်း၊ စီမံကိန်းဆိုင်ရာ လေ့လာဆန်းစစ်ချက် ရလဒ်များကို ကျွမ်းကျင်ပညာရှင်များက လည်းကောင်း၊ လက်တွေ့လုပ်ငန်း ဆောင်ရွက်မှုများကို ဒေသခံပြည်သူများကလည်းကောင်း တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ ဗဟုသုတအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများအပေါ်မူတည်၍ ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ တက်ရောက်အားပေး




**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ ကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုသိရှိနိုင်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို နားလည်စေရန်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရရှိနိုင်သည့် ခံစားခွင့်၊ သက်သာခွင့်များကို အကျွမ်းတဝင်ရှိစေရန်နှင့် လုပ်ငန်းရှင်များ၏ ကြုံတွေ့ရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းကူညီပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**အရေးပါသည့်နေရာတွင်တည်ရှိ**

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးဗဟိုချက်နေရာ (Growth Pole) တစ်ခုဖြစ်ပြီး အဓိကကျသည့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားနိုင်ပါကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးတို့ ဆုံရာလမ်းဖြစ်သည့်အတွက်လည်း အရေးပါသည့်နေရာတွင် တည်ရှိနေပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်တွင်း/ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်သည်များကို စိစစ်ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ယနေ့အခမ်းအနားကို ကျင်းပ၍ အားပေး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လက်ရှိလုပ်ငန်းများ ပိုမိုအခြေခိုင်မာစွာ လည်ပတ်နိုင်ပြီး ဒေသထုတ်ကုန်များ ထုတ်လုပ်မှု တိုးတက်လာစေရန် ကြိုးပမ်းကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာနိုင်ငံရှိစိုက်ပျိုးရေးကဏ္ဍ၌ စုစုပေါင်း ဝါစိုက်ဧက ငါးသိန်းရှိသည့်အနက် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ဧက ၁ ဒသမ ၉ သိန်းရှိပါကြောင်း၊ ဝါကိုကုန်ကြမ်းအဖြစ်သာ ထုတ်လုပ်နေခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲ၍ တိုးချဲ့ထုတ်လုပ်ကြစေလိုကြောင်း၊ လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍လည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း လုပ်ဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက် ဖူလုံစေရေးအတွက် ဆီလုပ်ငန်းရှင်များကို ချေးငွေထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသာမက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကိုလည်း အလေးပေးဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

အစီအစဉ်အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က "မန္တလေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ" ခေါင်းစဉ်ကို Power Point Presentation ဖြင့် ဆွေးနွေးပြောကြားသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မြှင့်တင်အားပေးခြင်း စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာကဏ္ဍများအလိုက် ကျွမ်းကျင်သူများက ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်းလူဦးရေ ၂၂၀ ခန့်တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းမှူး၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ် လေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ သင်ယူတတ်မြောက်ခဲ့သည့် ကွန်ပျူတာအခြေခံ သဘောတရားများကို အသုံးပြု၍ ရုံးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် အဆင့်မြင့် IT နည်းပညာများဖြစ်သည့် Artificial Intelligence (AI)၊ Blockchain ၊ Cloud Computing၊ Big Data စသည်ဖြင့် ဆန်းသစ်နေသော ပညာရပ်များကိုလည်း စဉ်ဆက်မပြတ် လေ့လာကြရန် လိုအပ်ပါကြောင်း၊ "တတ်ပြီးပညာ မလေ့လာက မကြာမရှည် ပျောက်တတ်သည်" ဟူသော ဆိုရိုးစကားနှင့်အညီ သင်တန်းမှပို့ချခဲ့သည့် သင်ခန်းစာများကို အခြေခံ၍ လေ့လာသင်ယူမှုများ၊ လေ့ကျင့်မှုများ စဉ်ဆက်မပြတ် ဆက်လက်ပြုလုပ်သွားပြီး လက်တွေ့နယ်ပယ်တွင် ပြန်လည် အသုံးချမည်ဆိုပါက ပိုမိုစွမ်းဆောင်ရည် ပြည့်ဝသည့် ဝန်ထမ်းများ ဖြစ်လာကြမည်ဟု ယုံကြည်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိဘဝတိုးတက်ရေးမှသည် မိမိဌာနတိုးတက်ပြီး အကျိုးစီးပွားရလဒ်ကောင်းများရရှိစေရန် ကျရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က သင်တန်းသား သင်တန်းသူများအနေဖြင့် အဆင့်မြင့် ICT နည်းပညာများကို ဆက်လက်လေ့လာ၍ မိမိတို့၏ စွမ်းဆောင်ရည်များ မြှင့်မားစေခြင်းဖြင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက



သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးနှင့်သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးတို့ကို ပေးအပ်သည်။

ထို့နောက် သင်တန်းတွင် ပထမဆုရရှိသည့် သင်တန်းသားကို ပြည်ထောင်စုဝန်ကြီး ကလည်းကောင်း၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် သင်တန်းသူများကို ဒုတိယဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဟုမ္မလင်းမြို့၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းအား Gender ၊ CEDAW ၊ NSPAW ဆိုင်ရာ အသိပေးဆွေးနွေးပွဲ ကျင်းပ

**ဟုမ္မလင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အစည်းအား Gender၊ CEDAW ၊ NSPAW ဆိုင်ရာ အသိပေးဆွေးနွေးပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ Gender ၊ CEDAW ၊ NSPAW ဆိုင်ရာအချက်အလက်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းရင်းသားများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်း၊ ချင်း၊ နာဂ စသည့်တိုင်းရင်းသားများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စိစစ်ပြီးရုပ်ရှင်ကားများကိုသာ ထုတ်လွှင့်ပြသခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့ကို ထိခိုက်ခြင်းမရှိစေသော ရုပ်ရှင်ကားများ ပြသနိုင်မည်ဖြစ်သည့်အတွက် မိမိတို့လူမျိုး၏တန်ဖိုးကို ကမ္ဘာကသိအောင် ပြသနိုင်မည်




နေပြည်တော် မတ် ၂၈

ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် အမိန့်နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ခေတ်တွင် ရုပ်ရှင်ကားများကို ရုပ်ရှင်ရုံများအပြင် ဆိုရှယ်မီဒီယာ(အွန်လိုင်း)မှတစ်ဆင့် အက်ပလီကေးရှင်းများ၊ ဖေ့စ်ဘွတ်၊ youtube၊ Viber၊ Telegram များမှ Account၊ Page၊ Group၊ Website များတည်ထောင်ပြီး ထုတ်လွှင့်ပြသနေသည်ကို တွေ့ရကြောင်း။

**ကြည့်ရှုရန်မလျော်ညီ**

အွန်လိုင်းမှ ပြသနေသည့် ရုပ်ရှင်ကားများသည် ရုံတင်ရုပ်ရှင်ကားများကဲ့သို့ ဆင်ဆာအဖွဲ့ကိုတင်ပြီး ခွင့်ပြုချက်ရမှ ပြသသည့်ကားများမဟုတ်သည့်အတွက် နိုင်ငံတော်၏ မူဝါဒများ၊ ဘာသာရေး၊ လူမျိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိခိုက်စော်ကားမှု၊ ရက်စက်ကြမ်းကြုတ်မှုများသည် မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်ရှုရန် မလျော်ညီသည့် အပြောအပြများ၊ နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသည့် အပြောအပြများ ပါဝင်နေသည်ကို တွေ့ရကြောင်း၊ ထိုအရာများကို ဗန်းပြပြီး အွန်လိုင်းလောင်းကစားဒိုင်တည်ထောင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ခြင်းများ လုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်ရကြောင်း။

**လွဲမှားလာစေနိုင်**

ထိုကဲ့သို့ မလိုလားအပ်သည့် အဆိပ်အတောက်များ၊ အဖျက်အမှောင့်များသည် လူငယ်လူရွယ်များ၏ တွေးခေါ်မြော်မြင်မှုများ၊ ခံစားနားလည်မှုနှင့် လုပ်ဆောင်မှုများကို လွဲမှားလာစေနိုင်ကြောင်း၊ အလားတူ နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ထုတ်လွှင့်ပြသနေခြင်းကို စနစ်တကျ ဖြစ်စေရေးနှင့် ကြီးကြပ် တည့်မတ်ပေးနိုင်ရေး တရားဝင်အသိအမှတ်ပြုလက်မှတ်ထုတ်မပေးနိုင်သည့်အတွက် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွင့်အရေးများ ဆုံးရှုံးနေရကြောင်း။

ထို့ကြောင့် ခေတ်နှင့်လျော်ညီသည့် မြန်မာ့ရုပ်ရှင်ဥပဒေသစ် ညှိနှိုင်းရေးဆွဲနေဆဲ အချိန်ကာလဖြစ်သည့်အတွက် ဥပဒေသစ် မပေါ်ပေါက်မီ စပ်ကြားတွင် တိုးတက်ခေတ်မီသည့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု ရုပ်ရှင်ထုတ်လုပ်ပြသမှုလုပ်ငန်းများနှင့် ပတ်သက်ပြီး အတိုင်းအတာတစ်ခုအထိ စနစ်တကျရှိစေရန်၊ ရသင့်ရထိုက်သည့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့ထုံးတမ်းကို ပျက်ပြားစေနိုင်သည့် ရုပ်ရှင်ကားထုတ်လုပ်ပြသမှုများကို တားမြစ်ပိတ်ပင်နိုင်စေရန်နှင့် ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ကားများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို အထောက်အကူဖြစ်စေပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်း တိုးတက်စေရေးကို အထောက်အကူဖြစ်စေရန်အတွက် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း။

ပြည်ထောင်စု အစိုးရအဖွဲ့က အပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို ကျင့်သုံးပြီး မတ် ၁၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၄)ဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို အမိန့်အမှတ် (၃၂/၂၀၂၄)ဖြင့် လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အခွင့်အာဏာအပ်နှင်းသည့်အမိန့်ကို အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၄) ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ကြောင်း။

အမိန့်အရ အမိန့်ထုတ်ပြန်သည့် မတ် ၁၃ ရက်မှ စတင်ပြီး တစ်လပြည့်မြောက်သည့်အချိန်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်သကဲ့သို့ အမိန့်ကို လိုက်နာမှုမရှိသည့် လုပ်ငန်းများကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

**အမျိုးအစားသုံးမျိုးရှိ**

အမိန့်အရ လုပ်ငန်းအမျိုးအစား သုံးမျိုးရှိပါကြောင်း၊ ၎င်းတို့မှာ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ ရုပ်ရှင်ဆိုင်ရာ အက်ပလီကေးရှင်းလွှင့်တင်ခြင်းနှင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းတို့ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်ထုတ်ပြန်မှုများသည် အားလုံးအတွက် လိုအပ်ချက်များကို ထိန်းသိမ်းရန်ဖြစ်ကြောင်း၊ ချုပ်ကိုင်ရန်မဟုတ်ပါကြောင်း၊ ထုတ်ပြန်သည့်အချက်များသည် ကိုယ့်လုပ်ဖော်ကိုင်ဖက်များကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုအမိန့်ကို ထုတ်ပြန်ခဲ့သည့်အတွက် စနစ်တကျ လုပ်ငန်းလုပ်ကိုင်သူများ အတွက်လည်း ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် ရုံတင်ကြည့်ရှုသူများသာ မြင်ရကြားရသည်မဟုတ်ဘဲ နည်းပညာ တိုးတက်လာမှုအရ ကမ္ဘာတစ်ဝန်းရှိသူ အားလုံးကြည့်ရှုနိုင်ကြသည့်အတွက် စိစစ်ပြီး ရုပ်ရှင်ကားများကိုသာ ထုတ်လွှင့်ပြသခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့ကို ထိခိုက်ခြင်းမရှိစေသော ရုပ်ရှင်ကားများကို ပြသနိုင်မည်ဖြစ်သည့်အတွက် မိမိတို့လူမျိုး၏ တန်ဖိုးကို ကမ္ဘာကသိအောင် ပြသနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က တရားမဝင်လုပ်ငန်းများကို တရားဝင်ဖြစ်စေရန်နှင့် ဖောက်ဖျက်ကျူးလွန်မှုရှိပါက အရေးယူနိုင်ရေး၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်မည့် ကိစ္စရပ်များအား ကန့်သတ်တားဆီးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ထုတ်ပြန်ရသည့် နောက်ခံအကြောင်းရင်း၊ ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူး၊ အမိန့်ထုတ်ပြန်ရန် လုပ်ငန်းဆောင်ရွက်ခဲ့မှု အဆင့်ဆင့်၊ အမိန့်ထုတ်ပြန်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်၊ အမိန့်အား လိုက်နာ ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ဥပဒေရေးရာ ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ဥပဒေပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ယခုလုပ်ကိုင်ခွင့် အမိန့်တို့ပါ အချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီး ညွှန့်ဝေ၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးသိန်းထွန်းအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦးနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေနိုင်သော ရုပ်ရှင်ကားထုတ်လွှင့်ပြသမှုများအား ဥပဒေနှင့်အညီ ထိန်းချုပ်နိုင်ရေး၊ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရေး၊ ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ ကျေးလက်ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

တိုက်ကြီး မတ် ၂၈

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မလေးရှားဝိုင်ကျေးရွာအုပ်စု မေတ္တာအေးကျေးရွာလမ်းမုခ်ဦးရှေ့ မဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဇော်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မေတ္တာအေးကျေးရွာအဝင် ကျေးလက်ကွန်ကရစ်လမ်းသစ်အား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက မေတ္တာအေးကျေးရွာအဝင် ကျေးလက်ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုစစ်ဆေးသည်။

မေတ္တာအေးကျေးရွာအဝင် ကျေးလက်ကွန်ကရစ်လမ်းသစ်သည် အရှည် ၀/ ၅ ဒသမ ၇၁ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၄၇၅ ဒသမ ၈၆၂ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ဉာဏ်ဟိန်း**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ရှိ ဓမ္မာစရိယစာဖြေဌာနများသို့ သွားရောက်၍ စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာ၊ သီလရှင်များ ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန်၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားစာဖြေဌာနရှိ ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေ ငါးသိန်းကျပ်ကို ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုတော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ ယနေ့ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ပျဉ်းမနားစာဖြေဌာန၌ သံဃာ ၁၉၃ ပါးနှင့် သီလရှင် တစ်ပါး စုစုပေါင်း ၁၉၄ ပါး စာရင်းသွင်း၍ စာဖြေသံဃာ ၁၆၁ ပါးနှင့် သီလရှင် တစ်ပါး စုစုပေါင်း ၁၆၂ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်သို့ သွားရောက်၍ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ စာဖြေဌာနအတွက် နဝကမ္မ အလှူငွေ ငါးသိန်းကျပ် ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ လယ်ဝေးစာဖြေဌာန၌ စာရင်းသွင်း သံဃာ ၁၀၁ ပါး၊ သီလရှင် ၁၄ ပါး၊ လူပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်း ၁၁၇ပါး/ ဦး စာရင်းသွင်း၍ စာဖြေသံဃာ ၈၃ ပါး၊ သီလရှင် ၁၂ ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၉၆ ပါး/ဦး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ဓမ္မာစရိယစာဖြေဌာန ၆၆ ဌာနတို့တွင် မတ် ၂၈ ရက်မှ စတင်၍ ကျင်းပဖြေဆိုလျက်ရှိပြီး ဧပြီ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ယနေ့ ဓမ္မာစရိယစာမေးပွဲ ပါရာဇိကဏ် (ပထမနေ့) စတင်ဖြေဆိုခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲများကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပါဠိပထမပြန် စာဖြေဌာန ၂၁၃ ဌာနတို့တွင် ဧပြီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဘဒ္ဒိယအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာမေးပွဲအထူးကြီးကြပ်ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်

နေပြည်တော် မတ် ၂၈

၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာမေးပွဲအထူးကြီးကြပ်ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် စာဖြေသံဃာတော်များအတွက် ဆွမ်းစရိတ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ပရိသတ်များက ပါဠိတက္ကသိုလ်မင်္ဂလာဇေယျာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာ ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းစားစရိတ်အလှူငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်သည်။ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ မဟာထေရ်မြတ်ထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို နေပြည်တော်အတွင်းရှိ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့တွင် မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြမည် ဖြစ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်အတွင်းရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆီစက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာအသိပညာပေးခြင်းဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ ချေးငွေအဆိုပြုလွှာများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆီစက်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ဆီစက်လုပ်ငန်းရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

မိတ္ထီလာ မတ် ၂၈

မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနသည် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက် နံနက် ၁၀ နာရီက ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မိတ္ထီလာမြို့ဝန်ဇင်းရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန စီမံကိန်း မန်နေဂျာ ရုံး-၂ တွင် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းများ ရှင်းလင်းပြသကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၂၈

ချင်းပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရောဝတီတိုင်းဒေသကြီးတွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၈**

KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်သင်တန်းအသီးသီးတွင် သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခဒေါက်တာ ဖေသက်ခင်၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတို့မှ ဥက္ကဋ္ဌများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးတက္ကသိုလ်များနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲများ စစ်ဆေးပြီးဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မည့်သူများကို ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် လက်ခံသင်ကြားရတော့မည်ဖြစ်ပါကြောင်း၊ KG+12 ပညာရေးစနစ်သစ်သည် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော IGCSE “A” Level နှင့် ကိုက်ညီမှုရှိပါကြောင်း၊ သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများသည် အာဆီယံဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များတွင် သင်ကြားနေမှုနှင့်ကိုက်ညီရန် လိုအပ်သည့်အပြင် သက်ဆိုင်ရာနိုင်ငံတကာ “စံ” သတ်မှတ်ချက်များနှင့်လည်းကိုက်ညီရန် လိုအပ်ပါကြောင်း၊ သတ်မှတ်မည့် သင်တန်းကာလသည် နိုင်ငံတော်၏လိုအပ်ချက်၊ ကျန်းမာရေးဝန်ကြီးဌာန၏လိုအပ်ချက်ကိုအခြေခံပြီး မွေးထုတ်မည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၏ အရည်အသွေးပြည့်မီစေရေးကို အဓိကထား၍ ကျောင်းသားကျောင်းသူများနှင့် မိဘများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ အထွေထွေဆေးကုသခွင့်လိုင်စင်၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်၊ သူနာပြုသားဖွားလိုင်စင်များကို ထုတ်ပေးလျက်ရှိသည့် သက်ဆိုင်ရာကောင်စီများမှ သတ်မှတ်မည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းအရည်အသွေး ပြည့်မီစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်းနှင့် တက်ရောက်လာကြသူများကလည်း ဘက်ပေါင်းစုံစဉ်းစားပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များတွင် သင်ကြားခဲ့သည့် သင်တန်းကာလများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက သင်တန်းကာလနှင့်ပတ်သက်ပြီး အစည်းအဝေးမှ သဘောတူညီသည့်အတိုင်း သင်ရိုးညွှန်းတမ်းများကို အချိန်မီကြိုတင်ရေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားကာ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား၍ Integrated Curriculum ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ဆေးတက္ကသိုလ်များတွင် လက်ရှိသင်ကြားလျက်ရှိသော Outcome Based Integrated Curriculum နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် တက္ကသိုလ်ပါမောက္ခချုပ်များက သက်ဆိုင်ရာတက္ကသိုလ်အချင်းချင်း ညှိနှိုင်းဆွေးနွေးထားသည့် သင်ကြားမည့်သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပြန်လည်မှာကြားသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်မြို့ရှိ ပုဂ္ဂလိကကျောင်းများနှင့် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် မတ် ၂၈**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ STI Myanmar University သို့ ရောက်ရှိကာ စာသင်ခန်းများ၊ Theatre ခန်းမ၊ Geotechnical Lab ခန်း၊ Hydraulic Lab ခန်းနှင့် စာကြည့်တိုက်ကို ကြည့်ရှု၍ ကျောင်းသား ကျောင်းသူများ မြန်မာစာဖတ်ရှုနားလည်မှု စွမ်းရည်ကို စမ်းသပ်စစ်ဆေးသည်။



### လျှောက်လွှာတင်သွင်းခြင်း မရှိသေး

ဆက်လက်၍ ဒုတိယဝန်ကြီးက STI Myanmar University မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာများကို ၂၀၂၄ ခုနှစ် မတ် ၈ ရက် နောက်ဆုံးထားတင်သွင်းရန် ပညာရေးဝန်ကြီးဌာန ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့က ညွှန်ကြားစာထုတ်ပြန်ခဲ့ပါကြောင်း၊ သို့ရာတွင် ကျောင်းကြီးအချို့သည်ပင် လျှောက်လွှာတင်သွင်းခြင်းမရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ကျောင်းမှတ်ပုံတင်လျှောက်လွှာကို သတ်မှတ်ရက်အမီ တင်သွင်းလျှောက်ထားကြရန်နှင့် လျှောက်လွှာမတင်သွင်းသောကျောင်းများကို ဥပဒေအာဏာတည်သည့်နေ့မှစ၍ တစ်နှစ်ပြည့်မြောက်သော ၂၀၂၄ ခုနှစ် မေ ၁၂ ရက် နောက်ပိုင်းတွင် ပိတ်သိမ်းမည်ဖြစ်သည်ကို အသိပေးပြောကြား ပေးကြစေလိုပါကြောင်း၊ အသစ်ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်းများသည်လည်း အမြန်ဆုံးလျှောက်ထားကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေတွင် မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါကြောင်း။

အလားတူ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိသောသူကို ပုဂ္ဂလိကကျောင်းဆရာအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် သင်ကြားစေခြင်းမပြုရဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပုဂ္ဂလိကဆရာအတတ်ပညာ လက်မှတ်သင်တန်းများကို လာမည့် ဇွန်လကုန်မှစတင်၍ ပညာရေးတက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ဖွင့်လှစ်ရာတွင် သတ်မှတ် အရည်အချင်းအလိုက် မပျက်မကွက် တက်ရောက်ရန်လိုပါကြောင်း၊ စိစစ်ချက်နှင့်ကိုက်ညီသူများကိုသာ ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်ထုတ်ပေးမည် ဖြစ်ပါကြောင်း၊ ဘွဲ့လက်မှတ်မှန်ကန်မှု၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်မှုများကို လည်း သက်ဆိုင်ရာ တက္ကသိုလ်များက တရားဝင် မှန်ကန်ကြောင်း အတည်ပြုမှသာ သက်ဆိုင်ရာမှတ်ပုံတင် လက်မှတ်များကို ထုတ်ပေးနိုင်ရေး လိုအပ်သည်များ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံကြီးသား ပီသစွာ ကျသင့်သော အခွန်ငွေများ ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ မြန်မာစာ ကောင်းစွာဖတ်ရှုနိုင်မှုနှင့် နားလည်မှုစွမ်းရည်ကို စက်တင်ဘာလမှ စတင်ကာ ကျောင်းသား ရွေးချယ်၍ စစ်ဆေးသွားမည်ဖြစ်သဖြင့် မြန်မာစာ တတ်မြောက်အောင် ကြိုတင်သင်ကြား လေ့ကျင့်ထားကြစေလိုပါကြောင်း မှာကြားသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပုဂ္ဂလိကပညာရေးဥပဒေအရ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် STI Myanmar University တည်ထောင်သူ ဒေါ်ခင်အေးဝင်းက သင်ကြားပို့ချလျက်ရှိသည့် ဘာသာရပ်သင်တန်းများ၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်သင်ကြားမှု အခြေအနေများ၊ ကျောင်း၏လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ Youth International University သို့ရောက်ရှိရာ Youth International University တည်ထောင်သူ ဒေါက်တာဇော်လင်းက Youth International University က သင်ကြားပို့ချလျက်ရှိသည့် ဘာသာရပ်သင်တန်းများ၊ ကျောင်း၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စာကြည့်တိုက်၊ စာသင်ခန်းများ၊ Theatre ခန်းမ၊ အားကစားခန်းမ၊ စားသောက်ခန်းနှင့် စာမေးပွဲခန်းများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာနသို့ ရောက်ရှိကာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့်တွေ့ဆုံကာ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ ဘာသာဗေဒလုပ်ငန်းဆောင်ရွက်ထားမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး AI နည်းပညာနှင့် ဘာသာဗေဒလုပ်ငန်းများ မှန်ကန်စွာချိတ်ဆက်နိုင်ရေး၊ မြန်မာစာရေးထုံးနှင့် ပတ်သက်၍ စနစ်ကျမှန်ကန်မှုရှိစေရေး၊ မြန်မာစာပေထိန်းသိမ်းခြင်းကို စနစ်တကျဆောင်ရွက်ရေး အလေးထားလုပ်ဆောင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသိပညာဖလှယ် ရုံးချုပ်နှင့် တိုင်း/ပြည်နယ် ပိုစတာပြပွဲပြိုင်ပွဲ ပြိုင်ပွဲဝင်ပိုစတာများ ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၈

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အကြို "အသိပညာဖလှယ် ရုံးချုပ်နှင့် တိုင်း/ပြည်နယ် ပိုစတာပြပွဲပြိုင်ပွဲ" ပြိုင်ပွဲဝင် ပိုစတာများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က ယနေ့အခမ်းအနားကို မိမိတို့ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ၊ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများကို အချိန်တိုအတွင်း သိရှိစေရန်၊ ပညာရပ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ပိုစတာပြပွဲပြိုင်ပွဲတွင် ရုံးချုပ်မှ ပိုစတာငါးခု၊ တိုင်းဒေသကြီး/ ပြည်နယ်မှ ပိုစတာလေးခု၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ ပိုစတာတစ်ခု စုစုပေါင်း ပိုစတာ ၁၀ခု ပါဝင်ယှဉ်ပြိုင်ပြသသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ကျင်းပခြင်းဖြင့် ဝန်ထမ်းများ၏ ရှင်းလင်းတင်ပြနိုင်မှုစွမ်းရည်၊ မေးခွန်းမေးမြန်းနိုင်မှုစွမ်းရည်နှင့် ပြန်လည်ဖြေကြားတုံ့ပြန်နိုင်မှု စွမ်းရည်များ မြင့်မားလာစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ပိုစတာပြပွဲပြိုင်ပွဲမှ ရရှိသည့် အတွေ့အကြုံ၊ ဗဟုသုတများကို လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးပြု၍ မိမိတို့ဆောင်ရွက်ရသည့် အခန်းကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပြီး အရည်အသွေးများတိုးတက်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံးတို့မှ ပြိုင်ပွဲဝင်များက ပါဝင်ယှဉ်ပြိုင်သည့် ပိုစတာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ ပထမနေ့အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အလားတူ ပိုစတာပြပွဲပြိုင်ပွဲ ရှင်းလင်းတင်ပြမှု ဒုတိယနေ့ကို မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ရုံးချုပ်မှ သက်ဆိုင်ရာ ဌာနခွဲအလိုက် ပြိုင်ပွဲဝင် ပိုစတာ ငါးခုကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုကို နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမနှင့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းခန်းမတို့မှလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းဖြင့်လည်းကောင်း တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ (၃၁) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေး တက်ရောက်ပြီး ပြန်လည်ရောက်ရှိ




ရန်ကုန် မတ် ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ကြီးမှူး၍ မတ် ၂၃ ရက်မှ ၂၆ ရက်အထိ လာအိုနိုင်ငံ လွမ်ပရာဘန်မြို့၌ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့်အစည်းအဝေး (The 31st Meeting of the ASEAN Socio–Cultural Community (ASCC) Council) သို့ တက်ရောက်ပြီး မတ် ၂၆ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**တက်ရောက်**

အစည်းအဝေး၌ လာအိုနိုင်ငံ အာဆီယံ လူမှု-ယဉ်ကျေးမှုဝန်ကြီး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး Mrs. Sunanesavanh VIGNAKET က သဘာပတိ အဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တီမောလက်စ်တေနိုင်ငံတို့မှ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးပထမပိုင်းတွင် အိမ်ရှင်လာအိုနိုင်ငံ က ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ၂၀၂၅ အလွန် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်၏ မဟာဗျူဟာအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ (၄၄) ကြိမ်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် မှတ်တမ်းမှတ်ရာများ၊ အစည်းအဝေးအစီရင်ခံစာများ၊ ကြေညာချက်များနှင့် (၃၁)ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ မှတ်တမ်းအကျဉ်းချုပ်တို့ကို အတည်ပြုနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် လာအိုနိုင်ငံ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်၏ ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ကြပြီး ၂၀၂၅ အလွန် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်၏ မဟာဗျူဟာ အစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုတို့နှင့်စပ်လျဉ်း၍ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် ဆက်စပ်လုပ်ငန်းအစုအဖွဲ့များ၏ ကြုံတွေ့နေရသည့် အဓိကဦးတည်ရာများ၊ ၂၀၂၅ အလွန် အာဆီယံပြည်သူများ၏ ဘဝကောင်းကျိုးချမ်းသာ တိုးတက်စေရေးအတွက် အာဆီယံ၏လုပ်ငန်းစဉ်များကို ပိုမိုခိုင်မာအောင် မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်အနေဖြင့် နောင်လာမည့် နှစ်၂၀ အတွင်း မဏ္ဍိုင်၏အဓိကနယ်ပယ်များဖြစ်သည့် အားလုံးပါဝင်သည့် တက်ကြွကြံ့ခိုင်၍ ရေရှည်တည်တံ့ခိုင်မြဲမည့် အသိုက်အဝန်းနှင့် အာဆီယံ၏ စရိုက်လက္ခဏာများကို မြှင့်တင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျ တာဝန်ယူစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို တက်ရောက်လာကြသည့် အာဆီယံအသိုက်အဝန်းကောင်စီ ဝန်ကြီးများနှင့်အတူ ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ အဆင့်မြင့်အရာရှိကြီး၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၃၁) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့်အတူ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ADME (ASEAN Database for Monitoring and Evaluation System) စတင်ဖွင့်လှစ်သည့် အခမ်းအနားနှင့် (၃၁) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးအထိမ်းအမှတ်အဖြစ် လာအိုနိုင်ငံ၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**သွားရောက်လေ့လာခဲ့**

လွမ်ပရာဘန်မြို့သို့ ရောက်ရှိနေစဉ် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဆွမ်းလောင်းလှူပွဲ၊ Xieng Thong Temple လွမ်ပရာဘန်မြို့အမျိုးသားပြတိုက်နှင့် Tat Kuang Si ရေတံခွန်များသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လှိုင်းဘွဲ့မြို့နယ် တာလေ-မဲလလမ်း ၁၃/၀ မိုင်အနက် ၁/၆ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

ဘားအံ မတ် ၂၈

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေကျပ် ၃၁၈၅ ဒသမ ၉၃၁ သန်းဖြင့် မြေလမ်း ၃/၀ မိုင်၊ အမာခံလမ်း ၆/၀ မိုင်၊ ကျောက်လမ်း ၅/၆ မိုင်၊ ကွန်ကရစ်လမ်း ၂/၀ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၃/၀ မိုင်၊ သံကူကွန်ကရစ်တံတား လေးစင်း၊ Box Culvert ၁၈ စင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး လှိုင်းဘွဲ့မြို့နယ် တာလေ-မဲလလမ်း ၁၃/၀ မိုင်အနက် ၁/၆ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်သည်။

**ရာသီမရွေးသွားလာနိုင်**

အဆိုပါ လှိုင်းဘွဲ့မြို့နယ် တာလေ-မဲလလမ်း ၁၃/၀ မိုင်အနက် ၁/၆ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးမှုကြောင့် လှိုင်းဘွဲ့မြို့နယ်နှင့် မြဝတီမြို့နယ်တို့အတွင်း လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာသည့်အပြင် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၁၂၇၀၊ အိမ်ထောင်စု ၁၃၆၁ စု၊ လူဦးရေ ၇၅၀၀ တို့မှာ ရာသီမရွေးသွားလာနိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြောက်ဦးမြို့နယ်

မောင်ငြိမ်းအေး

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသကိုဖြတ်ကျော်ပြီး စစ်တွေမြို့အနီးမှ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)၏ အဖျက်စွမ်းအားမှာ အလွန်ကြီးမားလှပါသည်။ ဆိုင်ကလုန်းမုန်တိုင်း အမည်ရှေ့တိုင်း၌ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဟု ပညတ်ကြသော်လည်း ယခုမိုခါဆိုင်ကလုန်းမုန်တိုင်းမှာမူ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၂၀ အထိရှိသဖြင့် "အလွန့်" အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာခဲ့သည်။

## ကြေမွပျက်စီး

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်စလုံး ထိခိုက်ကြေမွပျက်စီးသွားခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦးမြို့နယ်သည်လည်း အခြားမြို့နယ်များနည်းတူ ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ရုံးအဆောက်အအုံများ၊ လူနေအိမ်များ များသောအားဖြင့် အမိုးလန်ပြိုကျပျက်စီးသွားခဲ့သည်။ ထို့အပြင် ဓာတ်တိုင်များ၊ သစ်ပင်များ ကျိုးကျပြိုလဲခြင်း၊ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခြင်း၊ သာသနိက အဆောက်အအုံများဖြစ်သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ ပျက်စီးခြင်း၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဆေးခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ယာယီခိုလှုံရာစခန်းများ၊ ဆန်စက်များ၊ မွေးမြူရေးကြက်ခြံများ၊ မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ စသည်ဖြင့် တစ်မြို့နယ်လုံးရှိ အဆောက်အအုံများ ကြေမွပျက်စီးသွားခဲ့သည်။

## ရှုမောဖွယ်ပျက်ပြယ်

မြောက်ဦးမြို့နယ်သည် မြေညီမြေပြန့်မဟုတ်၊ တောင်ကုန်းတောင်ပူစာတို့ဖြင့် သာယာလှပသော မြို့တစ်မြို့ဖြစ်သည်။ မြို့နယ်၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် သစ်တောများ ဖုံးလွှမ်းနေသော တောင်တန်းများရှိပြီး မြို့တောင်ပိုင်းနှင့် အနောက်ပိုင်းတို့မှာ မြေဩဇာကောင်းမွန်သဖြင့် ဆန်စပါးကို အဓိကစိုက်ပျိုးကြသည်။ မြောက်ဦးမြို့နယ်၏ အထင်ကရအထိမ်းအမှတ်လက္ခဏာသည် တင့်တယ်ရှုမောဖွယ်ကောင်းသည့် ရှေးဟောင်းစေတီပုထိုးများ မြောက်မြားစွာရှိသဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားများ စိတ်ဝင်စားရာ မြို့တစ်မြို့ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ဖျက်ဆီးမှုကြောင့် သာယာလှပမှုနှင့် ရှုမောဖွယ်ရာများ အကျည်းတန်အရုပ်ဆိုးဖြစ်ခဲ့ရသည်။ မြောက်ဦးမြို့နယ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်တွေခရိုင်၊ မောင်တောခရိုင်တို့နှင့်အတူ မြောက်ဦးခရိုင်သည်လည်း ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်ရှိ လူနေအိမ်နှင့် အဆောက်အအုံ ၂၈၅၁၉ ခုမှာ တစ်စိတ်တစ်ပိုင်းပျက်စီးသွားခဲ့ပြီး လူနေအိမ်နှင့် အဆောက်အအုံ ၇၅၆၁ ခုမှာ လုံးဝပျက်စီးပြိုကျသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၂၀၀၀၀ ကျော်ရှိကြောင်း ခန့်မှန်းထားသည်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် မဟာထီးစေတီ ထီးတော်ပျက်စီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် မဟာထီးစေတီ ထီးတော် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## ကြိုတင်ပြင်ဆင်

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အဖျက်စွမ်းအား အလွန်ကြီးမားသော်လည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ကြိုတင်အသိပေးထားမှု၊ ရှာဖွေကယ်ဆယ်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား ကြိုတင်ပြင်ဆင် ဖွဲ့စည်းထားမှုတို့ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်များ ပျက်စီးမည်ကို သိသော်လည်း စိုးရိမ်စရာ ကြီးကြီးမားမား မဖြစ်ခဲ့ကြပေ။ မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ် ၄ မြို့နယ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် အင်အား ၄၆၅ ဦးကို စုရပ်နေရာ ၁၃ ခုတွင် အသင့်ပြင်ဆင်ထားရှိခြင်း၊ မုန်တိုင်းသတင်း အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ဆောင်ရွက်ထားရှိခြင်းနှင့် စားရေရိက္ခာများ တစ်ပတ်စာကြိုတင်သိုလှောင်ထားရှိခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် ပူပန်မှု ကြီးကြီးမားမား မဖြစ်ခဲ့ခြင်းဖြစ်သည်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် မြောက်ဦးပြတိုက်ဘုရားခန်းခေါင်မိုးကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် မြောက်ဦးပြတိုက်ဘုရားခန်းခေါင်မိုး ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် နတ်ချောင်း နှစ်ခန်းတွဲ ဝန်ထမ်းနေအိမ်ပျက်စီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် နတ်ချောင်း နှစ်ခန်းတွဲ ဝန်ထမ်းနေအိမ် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## ဂုဏ်ယူဝင့်ကြွား

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကွပ်ကဲမှုအောက်ရှိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ် ကျရောက်နိုင်သည့် လမ်းကြောင်းပေါ်တွင် နေထိုင်ကြသည့်

စာမျက်နှာ ၁၃ သို့ »»

»»» စာမျက်နှာ ၁၂ မှ

ပြည်သူများအား ဘေးလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးထားသဖြင့် မြောက်ဦးမြို့နယ်အတွင်းမှ ပြည်သူများ ထိခိုက် သေဆုံးမှုအန္တရာယ်မှ ကင်းဝေးခဲ့ကြသည်။ မုန်တိုင်းသင့်ဒေသများတွင် မုန်တိုင်းမကျရောက်မီ၊ မုန်တိုင်းကျရောက်စဉ်နှင့် မုန်တိုင်းကျရောက်ပြီး ကာလတစ်လျှောက်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သန္နိမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၏ ဂုဏ်ယူဝင့်ကြွား စေတနာထက်သန်စွာဖြင့် ကူညီကယ်ဆယ်စောင့်ရှောက်ပေးမှုများသည် မုန်တိုင်းသင့်ပြည်သူများအတွက် အားဖြစ်စေသည်။

**တာဝန်ပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် မေလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်အတွက် တပ်မတော်အရာရှိကြီးများအား အချိန်မဆိုင်းဘဲ တာဝန်ပေးအပ်ခဲ့ရာ မြောက်ဦးမြို့နယ်တွင် တပ်မတော်အရာရှိကြီးတစ်ဦးဖြစ်သည့် ဗိုလ်ချုပ် သောင်းထိုက်ရွှေအား တာဝန်ပေးအပ်ခဲ့ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

မုန်တိုင်းတိုက်ခတ်ပြီးသည်နှင့် ရာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များက မြို့ပေါ်ရပ်ကွက်/ကျေးရွာများအတွင်း ပြိုကျပျက်စီးမှုများကို အလျင်အမြန်ရှင်းလင်းဖယ်ရှားပေးကြပြီး မုန်တိုင်းရှောင်ပြည်သူများကို ပြန်လည်နေရာချထားပေးကြသည်။ ဆက်လက်၍ မြောက်ဦးမြို့နယ်အတွင်းရှိ မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို နယ်မြေခံတပ်မှူး ဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက မြောက်ဦးမြို့တော်ခန်းမ၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ဦးစွာပေးအပ်ခဲ့ကြသည်။

မုန်တိုင်းသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော ဆန်အိတ် ၆၂၁ အိတ်နှင့် ဆီ၊ ဆား၊ ငပိတို့ကို မြောက်ဦးမြို့နယ် အလယ်ချောင်းကျေးရွာ၊ ဇီပင်ကြီးကျေးရွာ၊ ရဲဖျားကျေးရွာ စသည့် ကျေးရွာအုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ၅၆ ရွာရှိ ပြည်သူ ၁၀၀၀၀ ကျော်အား ထောက်ပံ့ပေးအပ်ခဲ့သည်။ အလားတူ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနကလည်း ကျေးရွာအုပ်စု လေးအုပ်စုမှ လုံးဝပျက်စီးသွားသော နေအိမ်များ ပြန်လည် တည်ဆောက်ရန်အတွက် ထောက်ပံ့ရေး ပစ္စည်း ၁၇ မျိုးကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ခဲ့ပြီး ကျန်ရှိသော ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့သည်။

**နေ့စဉ်ဆောင်ရွက်**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာများနှင့် ပြန်လည်တည်ဆောက်ရမည့် အခြေအနေများကို မုန်တိုင်းလွန်ကာလမှစ၍ မြောက်ဦးမြို့နယ်ကိုတာဝန်ယူဆောင်ရွက်ရသည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေက မြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ မြို့နယ်အတွင်း နေ့စဉ်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များ စသည့် လုံးဝပျက်စီးသွားသည့် အဆောက်အအုံများ၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် အဆောက်အအုံများကို ခွဲခြားစာရင်းကောက်ယူကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ပေးခဲ့သည်။

**ကျောင်းဖွင့်အမီ**

မြောက်ဦးမြို့နယ်တွင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အပါအဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၁၆၈ ကျောင်း ပျက်စီးသွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၃၅၉ သန်းကျော် ရှိကြောင်း သိရသည်။ မြောက်ဦးမြို့ပေါ်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ တောင်ရပ် မူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းများမှာ ခေါင်မိုးနှင့် မျက်နှာကြက်များ လုံးဝပျက်စီးသွားသဖြင့် ကျောင်းဖွင့်ရာသီအမီ အမြန်ပြန်လည်တည်ဆောက် ပြုပြင်နိုင်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ထောက်ပံ့ကူညီ ဆောင်ရွက်ပေးခဲ့သည်။

**အခွင့်အရေးမဆုံးရှုံး**

မြောက်ဦးမြို့နယ်အတွင်း လုံးဝပျက်စီးသွားသော ကျောင်း ၁၇ ကျောင်းကို ပြန်လည်ပြင်ဆင် တည်ဆောက်နေချိန်တွင် ကျောင်းသား ကျောင်းသူများ နေထိုင်ရာ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများတွင် တစ်နေ့လျှင် နှစ်ကြိမ်ခွဲပြီး စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် အခြေခံပညာကျောင်း ၁၆၈ ကျောင်းရှိသည့်အနက် ဇူလိုင်လ ၂၃ ရက်နေ့တွင် ၁၃၅ ကျောင်းကို ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျန်ရှိသော ကျောင်းများကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းလွန်ကာလ အချိန်တိုအတွင်း ပြန်လည်တည်ဆောက်ပေးနိုင်သောကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အခွင့်အလမ်းများ မဆုံးရှုံးဘဲ နေ့စဉ် ကျောင်းတက် ပညာသင်ယူနိုင်ခဲ့ကြသည်။

**အခက်အခဲဖြစ်**

မြောက်ဦးမြို့နယ်တွင် ဆေးရုံ၊ ဆေးခန်း ရှစ်ခု၊ ကျေးလက်ကျန်းမာရေး

စာမျက်နှာ ၁၄ သို့ »»»





ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ကျောက်ကျပ်ဆေးခန်း အဆောက်အအုံ ပျက်စီးမှု(အပေါ်ပုံ)နှင့် ပြန်လည်ပြုပြင်ပြီးစီးမှု(အောက်ပုံ)တို့ကို တွေ့ရစဉ်။





ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် သင်းပန်းကိုင်းနှစ်ခန်းတွဲ ဝန်ထမ်းနေအိမ် အဆောက်အအုံပျက်စီးမှု(အပေါ်ပုံ)နှင့် ပြန်လည်ပြုပြင်ပြီးစီးမှု(အောက်ပုံ)တို့ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ(အခမဲ့)ဆောင်ရွက်ပေးစဉ်။





ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေရန်အတွက် အထက(နတ်ချောင်း)နှင့် အထက(အောင်စည်မောင်း)တို့တွင် ယာယီစာသင်ဆောင်များ ဆောက်လုပ်၍ ပညာသင်ကြားပေးခဲ့သည်ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၁၃ မှ

ဆေးခန်း ၂၀ စုစုပေါင်း ကျန်းမာရေး အဆောက်အအုံ ၂၈ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ မြောက်ဦးမြို့နယ် တိုင်းရင်းဆေးကုဌာနကလည်း မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ တိုင်းရင်းဆေးဝါးများ လှူဒါန်းခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများက ကုသပေးကြသည်။ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်အတွင်းရှိ ရေအရင်းအမြစ်များ ဆုံးရှုံးပျက်စီးသွားခဲ့သည်။ မြို့နယ်အတွင်းရှိ တာအရှည်ပေ ၈၀၁၁၉ ပေ၊ ရေတွင်း လေးတွင်း၊ ရေကန် ၈၇ ကန် ပျက်စီးသွားခဲ့သည်။ ပြည်သူများအားထားသောက်သုံးရာ ရေတွင်း၊ ရေကန်များ ပျက်စီးသွားသဖြင့် များစွာအခက်အခဲဖြစ်ကြရသည်။

မြောက်ဦးမြို့နယ်တွင် စေတီတော်နှစ်ဆူ၊ ဘုန်းတော်ကြီးကျောင်းနှင့် သာသနိက အဆောက်အအုံ ၅၆၅ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် ရခိုင်ပြည်နယ်၏ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် နန်းတော်ရာကုန်းအား မူလအခြေအနေအတိုင်း ပတ်ဝန်းကျင် သာယာလှပစေရေးအတွက် မုန်တိုင်းလွန်သည့်ကာလမှစ၍ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုးကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပိတ်ဆို့နေသော သစ်ကိုင်းများကို ရှင်းလင်းဖယ်ရှားခြင်း၊ လမ်းဘေးချုံနွယ်အမှိုက်များကို ရှင်းလင်းခြင်းတို့ကို နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။

## အမြန်ဆုံးပြုပြင်

မြောက်ဦးမြို့နယ်အတွင်းရှိလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလည်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၁၇၇၃ သန်းကျော်ရှိခဲ့သည်။ မြို့နယ်အတွင်းရှိ ဆန်စက် ၅၃ စက် ပျက်စီးသွားသည်။ မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်ကောင်ရေ ၄၉၁၈၂ ကောင် သေဆုံးခဲ့





ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ညောင်ပင်လယ်ဆေးခန်းပျက်စီးမှု(အပေါ်ပုံ)နှင့် ပြန်လည်ပြုပြင်ပြီးစီးမှု(အောက်ပုံ)တို့ကို တွေ့ရစဉ်။

သည်။ ဆုံးရှုံးမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။ မြောက်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ သွားလာလုပ်ကိုင် ဆက်သွယ်မှုအတွက် တည်ဆောက်ပေးထားသော လမ်းနှစ်လမ်းနှင့် တံတား လေးစင်း ပျက်စီးခဲ့သည်ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လျှပ်စစ်မီးတိုင်များ၊ မီးကြိုးများ၊ ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်တာဝါတိုင်များ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရာ မြောက်ဦးခရိုင်အတွင်းရှိ လျှပ်စစ်အဆောက်အအုံနှင့် ပစ္စည်းများလည်း ပါဝင်ခဲ့သည်။ မြောက်ဦးမြို့နယ်တွင် လျှပ်စစ်တာဝါတိုင် နှစ်ခုနှင့် ဓာတ်တိုင် ၁၇၇ ခု ပြိုကျပျက်စီးသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆၀ ကျော်ရှိသည်။ အဆိုပါ လျှပ်စစ်ကဏ္ဍဆိုင်ရာ ပျက်စီးမှုများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက မုန်တိုင်းလွန် ကာလတစ်လျှောက် နေ့စဉ်ပြန်လည်တည်ဆောက်ခဲ့ကြသည်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျောက်ကျပ်ကျေးရွာ သောက်သုံးရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း မဆောင်ရွက်မီ(အပေါ်ပုံ)နှင့် ဆောင်ရွက်ပြီးစီးမှု(အောက်ပုံ)တို့ကို တွေ့ရစဉ်။



## ဝမ်းမြောက်ပျော်ရွှင်

မြို့နယ်အတွင်း ပျက်စီးသွားသော လျှပ်စစ်ကွန်ရက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက နေ့မအားညမနား ပြန်လည်တည်ဆောက်ခဲ့ကြရာ မူလက လျှပ်စစ်ဓာတ်အား ပြန်လည်ပေးနိုင်ရေးကို ဇွန်လကုန်မှသာ ရရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဇွန်လ ၂၃ ရက်နေ့ နံနက်တွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦးလိုင်းနှင့် ၆၆ ကေဗွီ မြောက်ဦး-မင်းပြားလိုင်းတို့ကို လျှပ်စစ်ဓာတ်အား ပြန်လည်ချိတ်ဆက်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် စစ်တွေ၊



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ကျိုးပဲ့နေသည့် သစ်ပင်သစ်ကိုင်းများအား တပ်မတော်သားများက ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။





ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော လျှပ်စစ်ကွန်ရက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက နေ့မအားညမနား ပြန်လည်တည်ဆောက်ခဲ့ကြရာ အချိန်တိုအတွင်း လျှပ်စစ်မီးပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့် ရသေ့တောင်မြို့တို့ရှိ လျှပ်စစ်မီးတိုင်များအားလုံး ပျက်စီးသွားခဲ့ပြီး မီးများပြတ်တောက်သွားခဲ့သည်။ ပြတ်တောက်သွားသော လျှပ်စစ်ပိုင်းဆိုင်ရာတို့ကို ဝန်ထမ်းများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသောကြောင့် ဇွန်လ ၂၃ ရက်နေ့ နံနက် ၁၁ နာရီ ၂၃ မိနစ်မှစ၍ မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်မီး ရာနှုန်းပြည့် ရရှိသဖြင့် ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။

## ထိခိုက်မှုအနည်းဆုံး

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုနှင့်ပတ်သက်၍ မိုးလေဝသတင်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုန်တိုင်းမကျရောက်မီကာလအတွင်း မြောက်ဦးမြို့နယ်အပါအဝင် မြို့နယ်များရှိ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များသို့လည်းကောင်း၊ ဘေးလွတ်ရာများသို့ လည်းကောင်း အိမ်ထောင်စုများအား ရွှေ့ပြောင်းပေးနိုင်ခဲ့သဖြင့် လူအသေအပျောက်နှင့် ထိခိုက်မှုနည်းပါးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် လူအသေအပျောက်နှင့်ထိခိုက်မှုမရှိခဲ့ပါ။ ပျက်စီးဆုံးရှုံးမှုမှာလည်း အများဆုံးအဆင့်တွင် မပါဝင်ခဲ့သည်ကို တွေ့ရသည်။

## ရိုင်းပင်းကူညီ

အလွန့်အလွန် အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် အဖျက်စွမ်းအား ကြီးမားလှသဖြင့် မုန်တိုင်းဖြတ်သန်းရာ ဒေသများအားလုံး ထိခိုက်ပျက်စီးမှုနှင့် သေဆုံးထိခိုက်မှု ကြီးမားမည်ဟု ခန့်မှန်းခဲ့ကြသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၌ ပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ် မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များနှင့်ပတ်သက်သည့် လမ်းညွှန်မှာကြားချက်များကို ထိထိရောက်ရောက် တက်တက်ကြွကြွ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ပြည်ထောင်စုဖွားညီနောင်သားချင်း ရိုင်းပင်းကူညီသည့် မွန်မြတ်သည့်စိတ်ထားဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် အသေအပျောက် ထိခိုက်မှု အနည်းဆုံးဖြင့် မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပ





နေပြည်တော် မတ် ၂၈

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပခဲ့ကြသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက တက်ရောက် မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် (၇၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ သင်တန်းများတွင် ဆုရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြသူများနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင်(၇၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ပြုလုပ်ခဲ့ကြသည်။

အလားတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များတွင်လည်း (၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း အသိပညာပေး ရှင်းလင်းဟောပြော



မော်လမြိုင် မတ် ၂၈

ပြည်သူ့စစ်မှုထမ်း ဥပဒေအကြောင်း အသိပညာပေး ရှင်းလင်းဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရာမညခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးဦးတိုးဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ မိမိတို့သိရှိထားသည်များကို အပြုသဘောဖြင့် ဝေမျှပြီး နိုင်ငံတော်၏အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စစ်မှုထမ်းဆင့်ခေါ်ခြင်း၊ စစ်မှုထမ်းကာလအတွင်း အကျိုးခံစားခွင့်များ၊ လျာထားစီမံချက်၊ ကင်းလွတ်ခွင့်ရှိသူများ၊ ရှောင်လွှဲပါက ကျသင့်မည့်ပြစ်ဒဏ်များ၊ ယာယီရွှေ့ဆိုင်းခွင့်ရှိသူများ၊ စစ်မှုထမ်းရမည့်အသက်အရွယ်အပိုင်းအခြား သတ်မှတ်ကာလ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရသည့် အကြောင်းရင်း၊ စစ်မှုထမ်းစနစ်နှင့်စပ်လျဉ်း၍ ကျင့်သုံးလျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအကြောင်းတို့ကို ရှင်းလင်းအသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**




(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင် မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည်ကို တွေ့ရစဉ်။



(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့၌ မီးရောင်စုံများ၊ မီးအလှများဖြင့် ဂုဏ်ပြုထွန်းညှိထားသည်ကို တွေ့ရစဉ်။

✪ **ကျော်ဖုံးမှ**

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်း အဝင်ဝရှိမုခ်ဦးကြီးကိုလည်းခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြု အရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲ၊ယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံ ပုံဖော်ထားသည့် ကြယ်တံဆိပ် နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊ အသီးသီး ပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၄ ခုနှစ် (၇၉) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့်နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိတပ်မတော် ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင်တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးအလှများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်ခဲ့သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြခဲ့ကြသည့် စစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စစ်ကြေးရေးနှင့်တည်းခိုရေးစခန်း၌ ကျင်းပသည်။

**ဂုဏ်ပြုဖျော်ဖြေတင်ဆက်**

အဆိုပါဖျော်ဖြေပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များက ဇာတိမာန်နှင့်မျိုးချစ်စိတ်ကို တက်ကြွစေမည့် တေးသီချင်းများ၊ ငြိမ့်ညောင်းသာယာလှသည့် မြန်မာသံတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ အကအလှများဖြင့်လည်းကောင်း၊ နိုင်ငံကျော်ဟာသပညာရှင်များက စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဟာသပြက်လုံးများဖြင့်လည်းကောင်း ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ခဲ့ကြရာ စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စိတ်လက်ရွှင်လန်းပျော်ရွှင်စွာဖြင့် တစ်ခဲနက် ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဖျော်ဖြေကြသည့် အနုပညာရှင်များနှင့်အတူ တပျော်တပါး ပါဝင်သီဆို ဆင်နွှဲကြသည်။

ထိုသို့သီဆိုကပြဖျော်ဖြေနေမှုများကို စစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Mor Aung” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ် အိုင်စောက်ကျေးရွာနေ လွင်မိုးအောင်အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရေဆင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအားပေး၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



နေပြည်တော် မတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိပအိုဝ်းတိုင်းရင်းသားများ နေထိုင်သော ကျေးရွာများဖြစ်သည့် နမ့်ဟူးကျေးရွာ၊ ပန်လျန်းကျေးရွာ၊ ကျောက်ကချားကျေးရွာတို့ရှိ ယာယီတိုက်ပွဲရှောင်ဒေသခံ တိုင်းရင်းသားပြည်သူများ ပြန်လည်အခြေချနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် နမ့်ဟူးကျေးရွာရှိဒေသခံတိုင်းရင်းသားပြည်သူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပန်လျန်းကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ကချားကျေးရွာသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆောင်းနေကြာစံပြ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲ တက်ရောက်အားပေး



ပုသိမ် မတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာရှိ တောင်သူ ဦးမြင့်သိန်း၏ စိုက်ကေ ၁၀ ဧကတွင် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံနေကြာ Super Sun- 41 ဆောင်းနေကြာစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေကြာစံကွက် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး ဌာဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရိတ်သိမ်းချိန်လေလွင့်မှုမရှိစေရေး၊ ဆီထွက်သီးနှံနေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အပွင့်အရေအတွက် အရွယ်အစားအလိုက် အောင်စေ့ထွက်ရှိမှု၊ မျိုးရွေးချယ်မှုများ၊ အထွက်နှုန်းများ၊ နေကြာဆီကြိတ်ခွဲမှုများကို စနစ်တကျမှတ်တမ်းထားရှိရန်၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရန်နှင့် ရိတ်သိမ်းပြီး နေကြာပင်များကို သဘာဝမြေဩဇာများပြုလုပ်၍ အကျိုးရှိစွာ အသုံးပြုရန် မှာကြားသည်။

အဆိုပါ ( Super sun-41 )ဆောင်းနေကြာစံပြကွက် ရိတ်သိမ်းရာမှ တစ်ဧကလျှင် နေကြာတင်းပျမ်းမျှ ၂၈ ဒသမ ၂၅ တင်း ထွက်ရှိခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် တစ်မြို့နယ်လျှင် နေကြာ ၁၀ ဧက စံပြစိုက်ခင်းများ ထူထောင်၍ ဆီဖူလုံမှုရှိစေရေး တောင်သူများကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့ညနေပိုင်းက ပုသိမ်မြို့ ရွှေပုသိမ်ဧည့်ရိပ်သာတွင် ပုသိမ်မြို့ပေါ်ရှိ မြို့မိ မြို့ဖများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

---

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံး ပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အနိစ္စမီးခိုးတန်းများနှင့် စိတ်ရှာပုံတော် | ဝဇီရာဒီဖိုး | ဦးခင်မောင်မြင့် (မြင့်စာပေ) |
| ၂။ | ကြယ်စင် အထွေထွေဗဟုသုတ (၂၀၂၄-၂၀၂၅) | မောင်ကျော်ဇော(သံတမန်) | ဦးအောင်ကျော်မိုး (ကြယ်စင်စာပေ) |
| ၃။ | ငါးရာ့ငါးဆယ် ဗုဒ္ဓဝင်ပုံပြင်များ (အမှတ်-၅) | ကာတွန်းမောင်ရဲသူ (ရန်ကုန်တက္ကသိုလ်) သရုပ်ဖော်သည် | ဦးဇော်ဝင်းဦး (ပန်းရတနာစာပေ) |
| ၄။ | ငွေရှာနည်းအနှစ်သာရများ (တတိယအကြိမ်) | ဆရာဦးမိုးမြင့်(B.Sc) | ဦးအောင်ဖြိုးဟိန်း (စာအုပ်ရွာစာပေ) |
| ၅။ | လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (ဒုတိယအကြိမ်) | မေတ္တာရှင် (ရွှေပြည်သာ) | ဦးစိုးမြင့် (ရွှေပြည်သာစာပေ) |

ပြန်ကြားရေးဝန်ကြီးဌာန

---

## ရေတာရှည်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

ရေတာရှည် မတ် ၂၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီစက္ကူစက်ရုံတွင် ယနေ့နံနက် ၉ နာရီက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ပြုလုပ်သည်။

### ရှင်းလင်းဆွေးနွေး

ထိုသို့ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့တို့က ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ၊ ပြည်သူ့စစ်မှုထမ်းရန် ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါအသိပညာပေး ဆွေးနွေးပွဲသို့ စုစုပေါင်း အင်အား ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



---

❖ **မြန်မာယူမှ**

MNL ကလပ်များဖြစ်သော ဟံသာဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းပြီးနောက် ရှမ်းယူနိုက်တက်အသင်းနှင့် ထပ်မံခြေစမ်းခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် နောက်မှလိုက်ကစားကာ အနိုင်ရခြင်းဖြစ်ပြီး ယခုလအတွင်း ကစားခဲ့သည့် ခြေစမ်းပွဲသုံးပွဲတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပါဝင်သွားသည့် ကစားသမားအချို့မှလွဲ၍ ကျန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး မိနစ် ၃၀ တွင် ကောင်းမြတ်သူ၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ၃၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က မြန်မာယူ-၁၉ အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကို ၆၄ မိနစ်တွင် စောစေးကပေါ်စေးက သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

■

# ထိုင်းနိုင်ငံ၌ နိုင်ငံတကာ မော်တော်ကားပြပွဲ ကျင်းပ



**ဗန်ကောက် မတ် ၂၈**

ထိုင်းနိုင်ငံ၌ နိုင်ငံတကာ မော်တော်ကားပြပွဲကို ယမန်နေ့က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများ၌ လျှပ်စစ်ကားဈေးကွက် ပြိုင်ဆိုင်မှု ပြင်းထန်နေချိန်တွင် Bangkok International Motor Show ကို ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်၌ ကျင်းပခြင်းဖြစ်သည်။

အဆိုပါမော်တော် ကားပြပွဲတွင် နိုင်ငံအသီးသီးမှ ကားအမှတ်တံဆိပ် ပေါင်း ၄၉ ခု ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**ထိုင်းဈေးကွက်သို့ မိတ်ဆက်**

ကားထုတ်လုပ်ရေးကုမ္ပဏီများက ၎င်းတို့၏ လျှပ်စစ်မော်တော်ကားများကို ထိုင်းဈေးကွက်သို့ မိတ်ဆက်ပြသကြသည်။ တရုတ်ကားထုတ်လုပ်ရေး ကုမ္ပဏီ Changan Automobile သည် ၎င်း၏ compact EV ကားအမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့သည်။ ဗီယက်နမ် လျှပ်စစ်ကားထုတ်လုပ်ရေး ကုမ္ပဏီ VinFast သည် ယခုနှစ်အတွင်း ထိုင်းဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်ခြင်း ဖြစ်သည်။

**ထုတ်ဖော်ပြသ**

အလားတူ တောင်ကိုရီးယား လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီ Hyundai Motor သည် ၎င်း၏ လျှပ်စစ်ကား အမျိုးမျိုးကို ပြပွဲတွင် ထုတ်ဖော်ပြသခဲ့သည်။

ဂျပန်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီများသည် ထိုင်းနိုင်ငံ၌ ဈေးကွက်ဝေစု ၉၀ ရာခိုင်နှုန်းခန့်ကို ကာလအတန်ကြာ ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း ပမာဏအားဖြင့် ယမန်နှစ်အတွင်း ၈၀ ရာခိုင်နှုန်းအောက်သို့ လျော့ကျခဲ့ကြောင်း Toyota Motor မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Isuzu Motors ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် နာမည်ကြီးသည့် လျှပ်စစ်ပစ်ကပ် ထရပ်ကား၏ ရှေ့ပြေးပုံစံသစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံတွင်း၌ အဆိုပါ အမျိုးအစားကို စတင်ထုတ်လုပ်ရန် Isuzu Motors ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၏ ရေကူးဒိုင်ဗင် လက်ရွေးစင်အားကစားသမား ရရှိခဲ့သည့် ဆုတံဆိပ်များဖြင့် အလှဆင်၍ စားသောက်ဆိုင်ဖွင့်လှစ်

**ဟနွိုင်း မတ် ၂၈**

ဗီယက်နမ်နိုင်ငံ၏ ရေကူးဒိုင်ဗင်လက်ရွေးစင်အားကစားသမား တစ်ဦးဖြစ်သည့် Nguyen Phuong Anh သည် မြို့တော်ဟနွိုင်းတွင် ဝက်အူချောင်းအကင်ဆိုင်တစ်ခုကို ၎င်းရရှိခဲ့သည့် ဆုတံဆိပ်များဖြင့်



အလှဆင်ပြီးဖွင့်လှစ်ခဲ့ကြောင်း ယနေ့ ဗွီအင်န်အိတ်စ်ပရက်စ် သတင်းတစ်ရပ်အရ သိရသည်။

**အလှပြချိတ်ဆွဲ**

အသက် ၂၅နှစ်အရွယ်ရှိ ၎င်းအားကစားသမားသည် အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခဲ့သည့် နှစ်၂၀သက်တမ်းအတွင်း ဒေသန္တရအဆင့်နှင့် အမျိုးသားအဆင့်များတွင် ၎င်းရရှိခဲ့သည့် ဆုတံဆိပ် ၅၁ ခုကို ဆိုင်အဝင်ဝတွင် အလှပြချိတ်ဆွဲထားသည်။

မိမိ၏ဆိုင်ကို ယခုနှစ်အစပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ရာတွင် ယခုကဲ့သို့ အားကစားပြိုင်ပွဲများတွင်ရရှိခဲ့သည့် ဆုတံဆိပ်များကို ချိတ်ဆွဲရန် စိတ်ကူးရသဖြင့် ဆောင်ရွက်ခဲ့ရာ လမ်းသွားလမ်းလာအချို့က ယင်းဆုတံဆိပ်များကို ရောင်းချသည်ဟု ထင်မြင်ပြီး မေးမြန်းကြောင်း ၎င်းက ပြောကြားသည်။

Nguyen Phuong Anh သည် ရေကူးဒိုင်ဗင် အားကစားနည်းတွင် အမျိုးသားအဆင့် ရွှေတံဆိပ်ဆုရှင်ဖြစ်ပြီး မိဘများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေပေးရန်အတွက် ယခုကဲ့သို့ ဝက်အူချောင်းအကင်ဆိုင်ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား-ဗွီအင်န်အိတ်ပရက်စ်
ဘာသာပြန်-စိုးသူရ

# အီသီယိုးပီးယားနိုင်ငံ၌ အင်တာနက်အသုံးပြုသူ ၄၁ သန်းကျော်ရှိ

**အဒစ်အဘာဘာ မတ် ၂၈**

အီသီယိုးပီးယားနိုင်ငံ၌ အင်တာနက်အသုံးပြုသူဦးရေ ၄၁ သန်းကျော်ရှိကြောင်း နိုင်ငံပိုင် Ethio-Telecom ကုမ္ပဏီက ပြောကြားသည်။

အီသီယိုးပီးယား အစိုးရ၏ "၂၀၂၅ ခုနှစ် ဒစ်ဂျစ်တယ် အီသီယိုးပီးယား"ဟုခေါ်သော ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ပဏာမ ဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးတွင် Ethio-Telecom ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဖရီဟီဝု တာမီရုက အဆိုပါအတိုင်း ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံ၏ အင်တာနက်အသုံးပြုမှု အချိုးအစားသည် ယခင်နှစ်များကထက် တိုးတက်လာကြောင်း အီသီယိုးပီးယား သတင်းအေဂျင်စီက ဖော်ပြသည်။

၂၀၁၈ ခုနှစ်တွင် အီသီယိုးပီးယား၌ အင်တာနက်အသုံးပြုသူ ၁၇ သန်းရှိခဲ့ရာ ယခုအခါ ၄၁ သန်းအထိ ရှိလာခဲ့ပြီး မိုဘိုင်းဝန်ဆောင်မှု အသုံးပြုသူဦးရေ ၈၅ သန်းအထိ ရှိလာခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အီသီယိုးပီးယားနိုင်ငံ၏ ပထမဆုံး ပုဂ္ဂလိကတယ်လီကွန်ကုမ္ပဏီဖြစ်သည့် Safaricom Telecommu-nications Ethiopia Private Limited Company သည် ၎င်း၏ မိုဘိုင်းတယ်လီကွန်ကွန်ရက်နှင့် ဝန်ဆောင်မှုများကို နိုင်ငံအတွင်း စတင်ခဲ့သည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၁၅၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၂၈-၃-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်သော အာဆီယံနိုင်ငံများ၏ စက်သုံးဆီ ဈေးနှုန်းများ

| စဉ် | အာဆီယံနိုင်ငံများ | ဓာတ်ဆီ(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၆၅၃ ကျပ် |
| ၂။ | လာအို | ၄၈၅၃ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၄၄၉၉ ကျပ် |
| ၄။ | ထိုင်း | ၄၂၈၅ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၄၀၀၅ ကျပ် |
| ၆။ | ဗီယက်နမ် | ၃၂၇၀ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၃၀၇၉ ကျပ် |
| ၈။ | မြန်မာ | ၂၉၁၅ ကျပ် |
| ၉။ | မလေးရှား | ၁၄၅၀ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၁၃၁၃ ကျပ် |

| စဉ် | အာဆီယံနိုင်ငံများ | ဒီဇယ်(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၀၁၈ ကျပ် |
| ၂။ | ဖိလစ်ပိုင် | ၄၂၂၂ ကျပ် |
| ၃။ | ကမ္ဘောဒီးယား | ၃၄၂၇ ကျပ် |
| ၄။ | အင်ဒိုနီးရှား | ၃၄၀၃ ကျပ် |
| ၅။ | လာအို | ၃၂၂၆ ကျပ် |
| ၆။ | ဗီယက်နမ် | ၂၇၉၆ ကျပ် |
| ၇။ | ထိုင်း | ၂၇၂၉ ကျပ် |
| ၈။ | မြန်မာ | ၂၄၄၅ ကျပ် |
| ၉။ | မလေးရှား | ၁၅၂၀ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၇၆၈ ကျပ် |

သက်ဆိုင်ရာနိုင်ငံအလိုက် US ဒေါ်လာဈေးနှုန်းအား ပြည်တွင်း Market Exchange Rate ဖြင့် တွက်ချက်ထားပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ (၃၉)လမ်း၊ (၃၉)လမ်းအိမ်ရာ၊ တိုက်(၅၀၄/၅၀၆)၊ အခန်း(၂၀၁)၊ ဒုတိယထပ်၏ အမည်ပေါက် ဦးဇော်မြင့်[၁၂/ပဘတ(ဧည့်)၀၀၀၆၂၂]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဆော်နုဝါရီ[၂/လကန(နိုင်)၀၄၅၈၂၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲ ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ (၁၇)လမ်း၊ (၁၇)လမ်းအိမ်ရာ၊ တိုက်(၁၄၈)၊ အခန်း(၀၁၇)မြေညီထပ်၏ အမည်ပေါက် ဒေါ်ဖွား[၁၂/မရက(နိုင်)၁၁၀၁၄၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်အောင်ချာပို့(ခ)တင်တင်ချို[၁၂/အလန(ဧည့်)၀၀၀၁၆၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ Yankin Housing Project (2010- 11)အိမ်ရာ၊ တိုက်(၄/၂)၊ အခန်း(၄၂)စတုတ္ထထပ်၏ အမည်ပေါက် ဒေါ်လင်းနန္ဒာဟန် [၁၂/သကတ(နိုင်)၁၅၄၁၈၃]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နွယ်နွယ်စိုး[၁/ဟပန(နိုင်)၀၀၂၂၂၅]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ Yankin Palm Village အိမ်ရာ၊ တိုက်(၂၄)၊ အခန်း(၀၁) မြေညီထပ်၏ အမည်ပေါက် Dr.ငွေးမြင့်ဝင်း [၁၂/ရကန (နိုင်)၀၄၃၉၃၇]ထံမှစာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူဒေါ်မေသန်းထူး[၁၂/ကတတ(နိုင်)၀၀၈၄၁၁]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက် လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ မဏိစန္ဒာလမ်း၊ ထီးလှိုင်ရှင်အိမ်ရာ တိုက်(၃၇)၊ အခန်း(၃၀၁) တတိယထပ်၏ အမည်ပေါက် ဦးမျိုးဝင်း[၆/မအရ(နိုင်)၀၀၂၇၅၀]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မြမြရွှေ(ခ)လောလီဖိန်း[၁၃/လရန(နိုင်)၂၂၇၉၉၇]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကြီးကျော်ဝင်း၊(ကိုယ်ပိုင်အမှတ်၊ ၅၁၀၄၂၃) မှတ်ပုံတင်အမှတ်[၁၂/လကန(နိုင်)၀၁၆၉၂၀]၊ အဖအမည်၊ ဦးဖိုးကောင်း အမည်ပေါက် ပါမစ်မြေကွက်အမှတ်၊ ပစ(င)၁၀၆၊ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သဲ၊ မှတ်ပုံတင်အမှတ်[၉/ပမန(နိုင်)၁၃၆၃၇၄]၊ အဖအမည် ဦးကိုလေးမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးကျော်ဝင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်-၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၂၆၇၀)၊ မြေဧရိယာ(၀.၂၂၉)ဧကရှိ ဦးအောင်ကျော်လွင် (ဘ)ဦးသိန်းအောင် [၁၂/ကတတ(နိုင်)၀၀၀၀၂၅] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ကျော်လွင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၉၆၇/၂၀၂၃)၊ (၂၃-၁၀-၂၀၂၃)ရရှိထားသူ ဦးစောနိုင်(ဘ) ဦးတင်အောင်[၁၂/ဗတထ(နိုင်)၀၀၇၄၈၄]မှ ဒေါ်ခက်ခက်ဝေ(ဘ)ဦးဆန်းဝင်း [၇/ညလပ(နိုင်)၂၁၈၁၉၆]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၂၅၄၈/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-(၇၁)၊ မြေကွက်အမှတ် (၂၅၄၈/ခ)၊ ဦးတင်ဝင်းကြည် အမည်ပေါက် ပါမစ်မြေကွက်၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးလှစိန် [၁၂/ဒဂတ(နိုင်)၁၂၃၂၄၅]က အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင်း [၁၂/လမန(နိုင်)၁၄၀၀၅၈]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း) များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နှင်းသီတာဖြိုး (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၇၂၀)** | **အထက်တန်းရှေ့နေ (စဥ်- ၅၅၇၆၄)** |

**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၇၈၀၀၅၄၀၆၀**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၄၇)တိုက် L/အခန်းအမှတ် (၃၀၂/၃၀၃)၊ မနော်ဟာရီရိပ်သာ၊ တတိယအလွှာနေ ဦးဘငွေးချစ် [၉/မထလ(နိုင်)၀၁၁၀၃၀] (ဘ) ဦးချစ်မှ (၁) ဒေါ်လွေးရွှေအောင် (ဘ) ဦးဆွဲဆိုင် [၁၃/နမန(နိုင်)၀၄၅၃၁၀]၊ (၂) ဒေါ်နန်းသိန်းမြ (ဘ) ဦးမိုင်းငင်း [၁၃/နမန(နိုင်)၀၁၅၃၃၇]အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၅-၃-၂၀၂၃)ရက်နေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၂၁/၂၀၂၃)ဖြင့် ကိုယ်စားလှယ်လွှဲစာအား ပေးအပ်ထားခဲ့ပြီး အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၂၁/၂၀၂၃)အား ဦးဘငွေးချစ်မှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘငွေးချစ်**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရွာမကျောင်းလမ်းနှင့် ဗဟိုလမ်းထောင့်၊ အမှတ်(၁၃၂)ပေါ်တွင် ဖွင့်လှစ်ထားသော TOGETHER MYANMAR CO., LTD Managing Director ဦးအောင်ကျော်စိုးအပေါ် (၁၇-၁၂-၂၀၂၁)ရက်နေ့က ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာပုံရိပ်ကို ထိခိုက်စေရန် သတင်းစာတွင် ကြော်ငြာခဲ့မိခြင်းအပေါ် မှားယွင်းကြောင်း ဝန်ချတောင်းပန်ခြင်း။**

အထက်ဖော်ပြပါကုမ္ပဏီနှင့် လူပုဂ္ဂိုလ်အပေါ်-

ပဲခူးတိုင်း ဒေသကြီး၊ ပဲခူးမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ (၃၃)လမ်း၊ အမှတ်(၂၅၈)နေ ကျွန်တော်(ဘ)ဦးဝီကျန်၏သား ဦးအောင်လင်း နိုင်ငံသားကတ်အမှတ်[၇/ပခန(နိုင်)၁၇၉၁၃၁]မှ နှစ်ဦးသဘောတူတိုက်ဆောက်လုပ်ရာတွင် အဆင်မပြေဖြစ်ပြီး ပဲခူးခရိုင်တရားရုံး၌ တရားလိုပြုလုပ်တရားစွဲဆို သည့် (တရားမကြီးမှုအမှတ်-၁၁/၂၀၂၀) ကြော်ငြာအား (၁၇-၁၂-၂၀၂၁)ရက်နေ့တွင် ကြေးမုံသတင်းစာ၌ ကုမ္ပဏီအမည်ကို ဖော်ပြပြီး ကြော်ငြာချက်တစ်စောင်ကို သတင်းစာတွင် ထည့်ခဲ့မိပါသည်။ ယင်းသို့ မလိုလားအပ်ဘဲ ကျွန်တော်က ကြော်ငြာခဲ့မိသည့်အတွက် TOGETHER MYANMAR CO., LTD နှင့် Managing Director ဦးအောင်ကျော်စိုးတို့မှာ အကြီးအကျယ်ဂုဏ်သိက္ခာကို ထိခိုက်ခဲ့ပါသည်။

ထိုသို့ ကျွန်တော်၏ကြော်ငြာချက်မှာ မှားယွင်းနေသည့်အတွက် TOGETHER MYANMAR CO., LTD နှင့် Managing Director ဦးအောင်ကျော်စိုး၏ ဂုဏ်သိက္ခာထိခိုက်ခဲ့သဖြင့် ကျွန်တော်က မှားယွင်းကြောင်း ဝန်ချတောင်းပန်သည်ကို သက်ဆိုင်ရာကာယကံရှင်နှင့်တကွ အများပြည်သူသိရှိစေရန် ယခုကဲ့သို့ ပြန်လည်တောင်းပန်ကြော်ငြာရခြင်းဖြစ်ပါ သည်။

**ဦးအောင်လင်း [၇/ပခန(နိုင်)၁၇၉၁၃၁]**
**အမှတ်(၂၅၈)၊ (၃၃)လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနှင့် ရွှေဂုံ(လင့်လမ်း)ထောင့်၊ ရွှေဂုံ(လင့်လမ်း)အိမ်ရာ၊ တိုက်(A-2)၊ အခန်း(505) ပဉ္စမထပ်၏ အမည်ပေါက် ဦးညီဖြူ [၁၂/ရကန(နိုင်)၀၇၄၉၆၃] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဂျာဖာလု [၁/မကန(နိုင်)၀၉၄၆၉၉]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက် ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၃)ကျေးရွာ၊ ကွင်းအမှတ်-၅၈၈၊ (မရမ်းတော) ဦးပိုင်အမှတ်-၄၀/၆၊ ဦးမောင်တင် လုပ်ကိုင်ခွင့်ရရှိသည့် ဥယျာဉ်မြေဧရိယာ(၀. ၇၈ ဧက)အနက်မှ (၉၀ပေ x၅၈ပေ) မြေကွက်ကို ယခုလက်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်သီတာ [၁၂/မဘန(နိုင်)၀၂၇၈၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွမ်းဟုန် [၆/မအရ(နိုင်)၀၂၈၄၄၀]မှ အပြီးအပိုင် ဝယ်ယူရန် ငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင် LLB,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဥ်-၅၀၀၀၈)**
**အမှတ်(၁၀)၊ ၂လမ်း၊ တပ်/စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၁၁၉၂၇၊ ၀၉-၇၇၅၅၀၄၇၁၄**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ လက်ပန်ကျေးရွာနေ (အဖ)ဦးမောင်ကြီး၏ သား ဦးဆန်းဝင်း [၁၁/အမန(နိုင်)၀၃၄၄၄၃]၏ မွေးသက္ကရာဇ် အမှန်မှာ 15-9-1978 ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးကျော် [၈/မသန(နိုင်)၁၂၉၃၀၃] နိုင်ငံကူးလက်မှတ်စာအုပ် (MG32 9384) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-977887123**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာဝင်း[၁၂/ရကန(နိုင်)၀၅၉၆၆၃]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-445662785**

## ဖြည့်စွက်ဖတ်ရှုပါရန်

၇-၃-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံမြောက်မြို့နယ်ဘီလစ်ဒေါ်ခင်ရှုပလှိုင်၏အရောင်းမြေပုံကူးတွင်၂၀၀၀ခုနှစ်အရောင်းမြေစာရင်းမှတ်ချက်နှင့်ပတ်သက်၍တရားနိုင်ဒေါ်နီနီမှအရောင်းမြေပုံမူရင်းမှာအိမ်ပြောင်းရွှေ့ရာတွင်ပျောက်ဆုံးသွားပါ၍တင်ပြနိုင်ခြင်းမရှိကြောင်းကိုတရားရုံးကျမ်းကျိန်လွှာဖြင့်တင်ပြအပ်ပါသည်ဟုဖြည့်စွက်ဖတ်ရှုပါရန်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့၊ အမှတ်(၁)ရပ်ကွက်၊ မြောက်ကုန်းကျေးရွာ (ဦးထွန်းပေါက်)-ဒေါ်သန်းခင် [၉/ညဥန(နိုင်)၀၃၇၂၄၁]တို့၏သမီး မငွေးဝင်း [၉/ညဥန (နိုင်) ၁၂၆၁၁၅]သည် မိခင်ကြီးအား ဆဲဆိုကြိမ်းမောင်းပြီး စိတ်ဒုက္ခပေးနေသောကြောင့် ကြော်ငြာပါသည့်ရက်မှစ၍ မငွေးဝင်းအား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား မိသားစုများမှ လုံးဝတာဝန်မယူပါ။

**မိခင် ဒေါ်သန်းခင်**

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း ၏

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ (သံဒင်း)၊ ယုဇနလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်အမှတ်(၆၀/ခ)၊ ဦးမျိုးညွှန့် အမည်ပေါက် မြေချပါမစ် (မူရင်း)၊ မြေအကျယ်အဝန်းအလျား (၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဦးအေးနိုင် [၁၁/မပန(နိုင်)၀၈၅၁၄၈] ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင် [၈/ရစက(နိုင်)၁၅၅၀၆၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LLB,DBL)** | **ဒေါ်အေးငြိမ်းသူ (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၃၁၅)** | **အထက်တန်းရှေ့နေ (စဥ်-၅၃၂၃၉)** | **အထက်တန်းရှေ့နေ (စဥ်-၅၅၇၆၄)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

## ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်တော် အောင်ဇော်သက် မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၇၆၆၁၃]၏ CDC-84265 စာအုပ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-980989028**

## ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်တော် အောင်ဇော်သက် [၁၂/ရကန(နိုင်)၀၇၆၆၁၃] CDC 84265 ၏Passport(MF 249268) စာအုပ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-980989028**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်မျိုးနိုင် ပိုင်ဆိုင်သော ဇာမဏီ(ရ.ည.န/ရော-၁၁၅၇)၏ လုပ်ငန်းလိုင်စင် အပိုင်း(၁)+(၂)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-253061628**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းမင်းဦး ပိုင်ဆိုင်သော မော်ကွန်းသစ် (ရ.ည.န/ရော-၁၁၃၀) ၏ လုပ်ငန်းလိုင်စင်အပိုင်း(၁)+(၂) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-253061628**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲကန်လမ်း၊ ပုလဲမွန်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၃၀၃) တတိယထပ်၏ အမည်ပေါက် ဦးကျော်မင်းသန်း[၈/ပခက(နိုင်)၁၇၄၄၄၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ညိုညိုထွန်း[၁၂/ပဇတ(နိုင်)၀၁၀၃၅၅] က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြို့မြေကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၃၄)၊ ဧရိယာ (၀.၁၃၈)ဧကရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ် (ခြေတံရှည်) ပျဉ်ထောင်အိမ်နှင့် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအာလုံးကို တရားဝင်ဝယ်ယူ ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော **ဒေါ်ချိုချိုဝေ ပါ (၈)ဦး** ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိန်ထွန်း (ခ) ဦးသန်းရွှေ (တရားလွှတ်တော်ရှေ့နေ စဉ်-၈၅၃၉)**
**09 254048547 , 09 793268348**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ( ၅၆ )၊ ကျောက်စိမ်းမြတ်ရတနာ ( ၂ )လမ်း၊ မြေကွက်အမှတ်( ၃၁၀ /ခ )၊ (အလျား ၂၀'x အနံ ၆၀')ရှိသော နှစ် (၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှမြင့် (N/OKA- ၀၅၇၃၉၅) အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမြေကွက်ထဲမှ တရားဝင်မခွဲ စိတ်ရသေးသော (အလျား ၁၀' x အနံ ၆၀') ပါမစ်မိတ္တူခြမ်းအား အမည်ပေါက်ထံမှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ရင်ရင်ရွှေ [၁၂/ဥကတ(နိုင်)၀၁၆၂၄၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ငွေး [ ၁၂/ဒဂတ(နိုင်)၀၃၆၀၇၇]က အပြီးအပိုင်ဝယ်ယူရန်အတွက်( ၂၃ -၃-၂၀၂၄) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက် အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း မူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်မည့် မြေကွက်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် ( LLB, WIPO, Switzerland )**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၉၆၇၆၈၃၂၀၄၊ ၀၉ ၄၅၀၂၇၉၄၆၈**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမျိုးညွန့်သိန်း [၁၂/ဗဟန(နိုင်)၀၇၇၈၉၈]၏ သမီးဖြစ်သူ မယွန်းပိုးအိမ်အား မဖွေးဖွေးထက် ဟုပြောင်းလဲခေါ်ပါရန်။

**မဖွေးဖွေးထက်**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမျိုးညွန့်သိန်း [၁၂/ဗဟန(နိုင်)၀၇၇၈၉၈]၏ သမီး ဖြစ်သူ မမြတ်နိုးခင် အား မဆုရတနာမိုး ဟုပြောင်းလဲခေါ်ပါရန်။

**မဆုရတနာမိုး**



နာမည်ကျော်ဆရာကြီး

## ရာဇာဇော်ဝင်း

*(LL.B) WIPO,DL-101 Switzerland)*

ရှေးမူမပျက် ခေတ်မှီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးမင်းလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊(၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။(ပိတ်ရက်မရှိ)01-394727,01-399426,09-73009994,09-5152521

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ၁၃၀-ရပ်ကွက်၊ အမှတ်-၁၂၉၁ ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၃၀၊ မြေကွက်အမှတ်-၁၂၉၁၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသက်ထွန်း (CE -၀၈၂၈၀၃) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဒေါ်နုနုရီ [၇/ဖမန(နိုင်)၀၉၁၆၅၂]က မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေကွက်အမှတ် - ၁၈၊ ရွာလယ်လမ်းမပေါ်တွင်ရှိသော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် Level 6၊ အခန်းအမှတ် - 608 ၊ ဧရိယာ - GFA (826) sqft ၊ ကားပါကင် တစ်စီးစာပါရှိသည့် ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို iGreen Development & Engineering Group Co.,Ltd မှ ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးနေသွေးဟန် [၇/ပခန(နိုင်)၂၂၇၄၉၇]** က အဆိုပါတိုက်ခန်းကို အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေသွေးဟန် [၇/ပခန(နိုင်)၂၂၇၄၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအောင်(LL.B, D.B.A., D.B.L., D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၈၅)**
**အမှတ်(၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

## ထည့်ဝင်ပြီးငွေပမာဏအား လျှော့ချကြောင်း အသိပေးကြေညာခြင်း

ကျွန်တော်များ UNITED CENTUS COMPANY LIMITED မှ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သော MR HAN MINGYUAN (E5371703K)သည် ကုမ္ပဏီ၏ မတည်ငွေရင်းအပေါ်တွင် ထည့်ဝင်ပြီး ငွေပမာဏ အမေရိကန်ဒေါ်လာ(၉၀,၀၀၀)မှ အမေရိကန်ဒေါ်လာ (၀)သို့ အလုံးစုံလျှော့ချမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**MR HAN MINGYUAN(E5371703K)**
**UNITED CENTUS COMPANY LIMITED**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ၁၃၀-ရပ်ကွက်၊ အမှတ်-၁၂၉၂ ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ် - ၁၂၉၂၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား - နှစ် (၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသီဟစိုး [၁၃/လရန(နိုင်)၀၈၀၉၂၇]အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဒေါ်နုနုရီ [၇/ဖမန(နိုင်)၀၉၁၆၅၂]က မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၃၆၊ မြေကွက်အမှတ်- ၃၃၊ မြေကွက်တည်နေရာအမှတ် -၃၃၊ နဝဒေးလမ်း၊ ၁၃၆ -ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဦးအုန်းမြင့် [၆/မအရ(နိုင်)၀၂၄၀၈၆] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားရှိသူ ဦးစောကွာစေး [၁၄/ပတန(နိုင်)၀၃၈၂၂၀]၊ နော်အဲနာ [၁၄/ပသန(နိုင်)၁၆၆၄၉၇]တို့မှ ပါမစ်မူရင်း (ခတ်ပုံမှတ်တမ်းမပါ)၊ ရွှေ့ပြောင်းမည့်သူများ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မှီခိုသူများစာရင်းစာရွတ်တို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် နှစ်ထပ်တိုက်အဆောက်အဦတစ်လုံးရှိပြီး လျှောက်ထားသူများ ကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဦးစောကွာစေး+၁ တို့မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကေအက်(စ်)အိပ်(ချ်) စမိုလန်ဖီး(လ်)(ဒ်) မာ့ကက်(တ်)တင်း မြန်မာလီမိတက်အား ၂၀၂၀ ခုနှစ်၊ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း အသိပေးကြေညာခြင်း

ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၅၃၆၈၀၈၇ ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ဒီကေအက်(စ်)အိပ်(ချ်) စမိုလန်ဖီး(လ်)(ဒ်)မာ့ကက်(တ်)တင်း မြန်မာလီမိတက်၏ အစုရှယ်ယာရှင်များသည် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန် ဆန္ဒရှိကြသဖြင့် အမှတ်(၁၃)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာရှိ ကုမ္ပဏီရုံးခန်း၌ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ နံနက် (၉:၀၀) နာရီတွင် ကျင်းပသည့် အစုရှယ်ယာရှင်များပါဝင်သော အထွေထွေအစည်းအဝေး၌ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါ ဆုံးဖြတ်ချက်တွင် ဒေါ်မေသူလှိုင်(လက်မှတ်ရပြည်သူ့စာရင်းကိုင် စဉ်-၁၄၄၉) (လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ အသင်းဝင်အမှတ်-၀၀၀၇၅)အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအဝဝတို့ကို ပြုလုပ်ရန်နှင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ ပိုင်ဆိုင်မှုများနှင့် ရရန်ပိုင်ခွင့်များအား စီမံခန့်ခွဲပေးရန်အတွက် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

**ဒေါ်မေသူလှိုင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**လက်မှတ်ရပြည်သူ့စာရင်းကိုင် စဉ် - ၁၄၄၉**
**လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ**
**အသင်းဝင်အမှတ် - ၀၀၀၇၅**
**ဖုန်း - ၀၉-၂၅၆၀၆၆၅၀၄**
**လိပ်စာ - အမှတ် ၂၀၉၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။**

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ်-၃၁၃ ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၅ ကြည်စု၊ မြေကွက်အမှတ်-၃၁၃၊ ဧရိယာ (၀.၀၂၈) ဧက၊ (၁၂၅၀)စတုရန်းပေ၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်အိအိလတ် [၅/မလန(နိုင်)၀၀၀၅၁၂]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်း/တောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၉)၊ တတိယထပ်၊ (၄)လွှာ(ဘီ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးအောင်သူဟိန်း[၉/ပထန(နိုင်)၀၉၇၂၂၉]၊ ဒေါ်ဝင့်ဝါထူး[၁၂/ဒဂဆ(နိုင်)၀၁၃၅၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတိုးဝင်းထွန်း [၆/မအရ(နိုင်)၀၈၆၂၃၇]၊ ဒေါ်စုစုမြတ်မွန်[၁၀/မလမ(နိုင်)၁၃၀၇၁၈]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့် အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## “အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်ရှိ Goyi Residence Condo ၏ အခန်းအမှတ် (B-P01) အား တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ Myanmar Imperial Vega Co., Ltd. ကိုယ်စား ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဒေါ်ဟေမာန်မင်းမော်မှ ရောင်းချရန် အဆိုပြု၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ရောင်းဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမြတ်သူ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၆၀/၂၀၁၇)**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၃၀၅၂၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈၊ ၉၊ ၁၀၊ ၁၁ (အေးရိပ်မွန် အိမ်ရာ)၊ မြေကွက်အမှတ်-၉၀/C၊ ၀.၀၅၂ ဧက၊ မြေကွက်တည်နေရာ အမှတ်-3/D၊ ယုဇနလမ်း၊ ၄-ရပ်ကွက်၊ ဒေါ်သီတာခိုင် [၇/ပခတ(နိုင်)၀၁၃၅၅၀]အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်မြေအား အမည်ပေါက် ကိုယ်တိုင်မှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း လှိုင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ပီတောက်ချောင်းနယ်မြေ ရဲစခန်းထောက်ခံချက်၊ ဂရန်မူရင်း ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက မိမိကသာ တာဝန်ယူ ဖြေရှင်းမည်ဖြစ်ပါကြောင်း (၁၃-၁၂-၂၀၂၃)ရက်စွဲပါ တရားရုံး ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှား စာချုပ် (ဂရန်)မိတ္တူမှန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၆၆)ရှိ နှစ်ခန်းတွဲ RC (၆)ထပ်တိုက်မှ ဒုတိယထပ်(၃-လွှာ)၊ (မျက်နှာမူလျှင်-ဝဲ)အခန်း၊ ဧရိယာ(၅၅၂) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးရဲနိုင်(ခ)အောင်ဇော်ရောမန် [၁၂/သကတ(နိုင်)၁၉၄၁၅၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မိုးသူဇာ [၁၃/နစန(နိုင်)၀၄၉၈၂၇]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးသူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၉၃၈)၊ မြေကွက်တည်နေရာအမှတ်(၉၃၈)၊ အောင်မင်္ဂလာလမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဗိုလ်မှူးထိန်ဝင်း) [၇/ပတတ (နိုင်)၀၆၅၄၁၃]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားရုံး၊ တရားမကြီးမှုအမှတ်-၇၀/၂၀၂၃ ဖြင့် ဒေါ်ယဉ်ယဉ်သန်းနှင့် ဒေါ်မေသန်းစော တို့မှ (တရားလို)ပြု၍ ဗိုလ်မှူးထိန်ဝင်း အပေါ် (တရားပြိုင်)ထားကာ “ပဋိညာဉ်အတိုင်း မြေနှင့်အဆောက်အဦ ကို အရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု” ဖြင့် စွဲဆိုခဲ့ရာ စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂-၁၁-၂၀၂၃)ရက်နေ့ပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်-၇၇/၂၀၂၃ ၏ နေ့စဉ်မှတ်တမ်းနှင့် (၆-၁၂-၂၀၂၃)ရက်စွဲပါ ထုံးပုံကျအပြီးသတ်အမိန့်၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၁-၁၂-၂၀၂၃) ရက်စွဲပါ ဘီလစ်ခန့်စာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင် မှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၉၉၈ ခုနှစ်တွင် ဗိုလ်မှူးထိန်ဝင်းမှ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားခဲ့မှုနှင့်ပတ်သက်၍ ဗိုလ်မှူးထိန်ဝင်း လျှောက်ထားခဲ့သော မြေပုံကူးစာရွက်စာတမ်းများအား ၎င်းတို့ထံသို့ ပေးအပ်ခဲ့ခြင်းမရှိခဲ့ကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ကျမ်းကျိန်လွှာနှင့်အတူ ရှင်းလင်းတင်ပြလာပါသဖြင့် ဘီလစ်ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ပ-၄၃၃၅)၊ ဦးတင်မောင်ဆွေ အဖအမည် ဦးအုန်းမောင်[၉/ပမန(နိုင်)၂၇၃၄၇]အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်အေးသင်း အဖအမည် ဦးရွှေပေါ်[၉/ပမန(နိုင်)၁၆၄၇၅၁]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရက်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုလာအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၄၅၊ မြေကွက်အမှတ်–၁၃၇၁ ဟု မှတ်သားတည်ရှိသော ဦးနီထွန်း[၁၁/စတန(နိုင်)၀၀၃၂၂၈]အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်ရှိသည့် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား ဦးတင်အောင်လွင်[၁၂/မရက(နိုင်)၁၁၉၈၀၃]မှ ပိုင်ဆိုင်ကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းထွန်း[၉/နထက(နိုင်)၁၅၅၀၈၆]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးနိုင်လင်းထွန်း**
**[၉/နထက(နိုင်)၁၅၅၀၈၆]**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်မျိုးခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၈၁)**
**ဖုန်း–၀၉–၂၅၂၄၁၉၄၉၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ အမှတ်(၁၂/၁၂၄၇)နေ ကျွန်မဒေါ်အေးမြလွင် [၅/မရန(နိုင်)၂၉၁၆၁၂] သည် မုံရွာမြို့၊ အက်တော(ခ)ချမ်းမြဝတီရပ်ကွက်ရှိ ဦးလင်းသိန်းမြင့် [၁၂/ဆကခ(နိုင်)၀၁၀၄၁၃] ပိုင်ဆိုင်သော (၄၀ပေx၉၀ပေ) မြေကွက်အား ဝယ်ယူပြီး ၎င်းမြေကွက်ပေါ်တွင် အဆောက်အဦ(၄ပင် x ၃ခန်း) ဆောက်လုပ်ရန် ကုန်ကျငွေကို အပြည့်အဝပေးချေပြီးဖြစ်၍ ဦးလင်းသိန်းမြင့်မှ ၎င်းမြေကွက်နှင့် အဆောက်အဦအား ကျွန်မထံသို့ လက်ရောက်အပ်နှံ၍ လက်ခံရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်၊ အဆောက်အဦနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပတ်သက်မှုရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးမြလွင်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ရှီလာသန်းမြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၇၅၅)(၂၇–၄–၂၀၂၀)**
**အမှတ်(၅၆/က)၊ သံကြိုးတိုင်ရပ်ကွက်၊ တိုးချဲ့(၅)လမ်း၊ ဝါးခယ်မမြို့။**
**ဖုန်း–၀၉–၉၅၀၃၃၂၀၃၃**

## ခင်ပွန်းအဖြစ်မှစွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဦးသူရလင်း [၁၂/ဥကတ(နိုင်)၁၅၄၀၃၈]သည် ကျွန်မ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အပြုအမူများဖြစ်သော အရက်သေစာသောက်စားခြင်း၊ မူးယစ်ရမ်းကားခြင်း၊ တစ်ညလုံးအိမ်ပြန်မလာသည့် ကိစ္စများအား အကြိမ်ကြိမ် ကျူးလွန်ခဲ့ပါသောကြောင့် ကျွန်မအနေဖြင့် ဆက်လက်၍ သည်းခံနိုင်စွမ်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့သည် ကျွန်မနှင့် မသက်ဆိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေမြင့်သူ**
**[၁၂/ဥကတ(နိုင်)၁၅၈၄၇၀]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁–လမ်း၊ အမှတ်–၄၁/A၊ ၃လွှာနေ ဒေါ်သန်းသန်းမော် [၁၂/မဂတ(နိုင်)၀၁၄၈၇၁]တို့၏သား မောင်ဇော်မင်းသန်း[၁၂/မဂတ(နိုင်)၁၁၉၉၃၃]သည်မိခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ဇော်မင်းသန်းနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ဇော်မင်းသန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမော်[၁၂/မဂတ(နိုင်)၀၁၄၈၇၁]**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော စက်နှင့်စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁–၄–၂၀၂၄ ရက်နေ့မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၂၈–၄–၂၀၂၄ ရက်နေ့ ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်–

| | |
|---|---|
| (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း–၀၆၇–၃၄၁၂၄၆၆၊ ၀၆၇–၃၄၁၂၇၈၈ |
| ( ခ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း–၀၆၇–၃၄၁၂၅၁၂၊ ၀၆၇–၃၄၁၂၄၀၂ |
| ( ဂ ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း–၀၆၇–၃၄၁၂၇၇၂၊ ၀၆၇–၃၄၁၂၈၂၁ |
| (ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း–၀၆၇–၃၄၃၁၃၉၀၊ ၀၆၇–၃၄၃၁၃၉၅ |
| ( င ) အကျဉ်းဦးစီးဌာန | ဖုန်း–၀၆၇–၃၄၃၁၄၂၆၊ ၀၆၇–၃၄၃၁၄၂၀ |
| ( စ ) မီးသတ်ဦးစီးဌာန | ဖုန်း–၀၆၇–၃၄၂၀၀၂၅၊ ၀၁–၆၆၁၅၄၄ |

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်တွင်နေထိုင်သူ ဒေါ်ကျော်ခြူးငုံချစ် [၁၂/ဒဂန(နိုင်)၀၃၆၁၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လူမှုကွန်ရက်များဖြစ်သော( Facebook, Twitter, Instagram, Telegram, Tik Tok)စသည်တို့တွင် လူတစ်ဦးသည် account အမျိုးမျိုးအားအသုံးပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျော်ခြူးငုံချစ်၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဒေါ်ကျော်ခြူးငုံချစ်၏ ဓာတ်ပုံများနှင့် ဂုဏ်သိက္ခာကျဆင်းစေသည့် မဟုတ်မမှန် စာသားများအားရေးသားဖော်ပြခြင်း၊ ခြိမ်းခြောက်ခြင်း၊ မမှန်မကန်စွပ်စွဲပြောဆိုခြင်းများ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အဆိုပါ ပြုလုပ်မှုများအား ချက်ချင်းရပ်တန့်ရန်နှင့် ထိုသို့မမှန်မကန် ရေးသားဖော်ပြချက်များအား မည်သူမျှ ဖြန့်ဝေခြင်း၊ ရေးသားခြင်းများမပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ယခုကဲ့သို့ တားမြစ်ထားသည်များကိုမလိုက်နာဘဲ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဆိုပါက ထိုပြုလုပ်သူနှင့်တကွ ထိုသို့ပြုလုပ်ဆောင်ရွက်ရာတွင် ပါဝင်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထက်ထက်ကျော် (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၁၈)**
**အမှတ် (၅၀)၊ ဒု – ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၉၈၄၇၁၈၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ သုမိတ္တာ(၄)လမ်း၊ မြေကွက်အမှတ်(၁၂၁)၊ ဧရိယာ (၂၅ပေ x ၅၀ပေ) **ဒေါ်ခင်ကြည်+ဒေါ်ဇလေခါ** အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အနက်မှ ဒေါ်ဇလေခါ ပိုင်ဆိုင်သော ဧရိယာ(၁၂ပေခွဲ x ၅၀ပေ)အား အရောင်းအဝယ်အဆင့်ဆင့်စာချုပ်များဖြင့် လွှဲပြောင်းရောင်းချခဲ့ရာ နောက်ဆုံးဝယ်ယူ ပိုင်ဆိုင်လက်ရောက်ရရှိခဲ့သော **ဒေါ်လှမြင့်[၁၂/ဥကမ(နိုင်)၀၇၄၅၁၈]** ထံမှ အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်လှ**သည် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား မူရင်းများတင်ပြ၍ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း LL.B, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုခမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၄၀၂၅၁၂၉၀၁**

## မြေအိမ်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၀၊ လူနေရပ်ကွက်အမှတ် – ရတနာပုံ အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် – ၁၃၅၊ နှစ် (၆၀) မြေငှားစာချုပ်အမျိုးအစား၊ အလျား ၄၀ ပေ xအနံ၆၀ပေ၊ ဧရိယာ–၂၄၀၀စ/ပေ၊ (၀.၀၅၅)ဧကရှိ မြေကွက်သည် ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၀၉၄၈၉၉] အမည်ပေါက်လျက်ရှိပြီး (အရပ်အခေါ်) အမှတ်–၁၃၅၊ ရတနာပုံ(၂)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ်ကို ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော (၁) ဒေါ်စုမြတ်ထိုက် [၁၂/သဃက(နိုင်)၁၆၀၉၃၉]၊ (၂) ဒေါ်သဇင်ထိုက်[၁၂/သဃက(နိုင်)၁၆၀၈၃၇]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းချသူသို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေအိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်နှင့် ဆက်နွှယ်ပတ်သက်သူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးထင်ကျော် B.Sc.,H.G.P.,R.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၅၃၁၅)**
**ဖုန်း–၀၁–၂၄၃၅၆၈၊ ၀၉–၅၁၈၆၀၂၁**

**ဒေါ်သက်လေးချို LLB,D.B.L.,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် – ၁၀၂၀၈)**
**ဖုန်း – ၀၉–၄၂၀၀၂၄၂၈၉**

**အမှတ် – ၁၃၈၊ ပထမထပ်၊ ၃၂ လမ်း (လယ်)၊ ပန်းဘဲတန်းမြို့နယ်။**




## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း(အနောက်)ရပ်ကွက်၊ ဆေးဝါးစက်ရုံလမ်း၊ တိုက်အမှတ်(၂၇၇/ခ)၊ (၁)ခန်းတွဲ Hall (၃ ½/ ၅)ထပ်တိုက် အဆောက်အဦမှ (၂၀–ပေx ၄၀–ပေ) အကျယ်အဝန်းရှိ (မြေညီထပ်) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်စန်းစန်းဝေ[၁၂/မရက(နိုင်)၀၂၃၅၈၆]ထံမှ ဦးတင်ထွန်း[၁၂/ကမရ(နိုင်)၁၁၆၉၀၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံ–ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ငထွေရှုံးလမ်း၊ မြေကွက်အမှတ်(၅၇၅)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ) မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်ကျင်စိန်(CG– ၀၁၁၈၅၂)**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးနေမင်းရှိန် [၁၂/ပဇတ(နိုင်)၀၀၉၂၂၀]** နှင့် **ဒေါ်လဲ့လဲ့ရှိန် [၁၂/ပဇတ(နိုင်)၀၀၈၆၄၂]**တို့မှ **“နှစ်ဦးသဘောတူအရောင်း အဝယ်ကတိစာချုပ်”** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**

**ဒေါ်စုစုလှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၅၆၃)**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၈၊ လူနေရပ်ကွက်အမှတ်– သမိုင်း၊ မြေကွက်အမှတ်– ၂/ခ ၂–၁၊ မြေအမျိုးအစား– နှစ် (၆၀) မြေငှားစာချုပ်၊ အကျယ်အဝန်း အလျား ၁၀၀' × အနံ ၈၆'၊ ဧရိယာ– ၀.၁၉၇ ဧကဟုခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဖခင်ဖြစ်သူ ဦးမြတ်ဟိန်းမှ သားဖြစ်သူ ဦးဟိန်းထက်အောင်ကို မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းပြီးမြောက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြတ်ဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မျိုးကြည် (စဉ်– ၁၀၃၁၂)**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ**
အမှတ်- ၄၅/စီ (ဒုတိယထပ်)၊ လမ်း (၅၀)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-5148942, 018- 201840, 018-610275

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၃

**ကမ္ဘာ့ရတနာဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)(၎င်းကိုယ်စား ဦးအောင်သန်းဦး ဒုတိယအထွေထွေမန်နေဂျာ)** (တရားလို)

နှင့်

**Myanmar Happy Hour Co; Ltd (၎င်းကိုယ်စား မန်နေဂျင်းဒါရိုက်တာ) ဦးဖြိုးထွန်းဇော်** (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၁၅) နေ တရားပြိုင် Myanmar Happy Hour Co; Ltd (၎င်းကိုယ်စား မန်နေဂျင်း ဒါရိုက်တာ ဦးဖြိုးထွန်းဇော်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"(၃၁-၁၀-၂၀၂၃)ရက်နေ့ထိ ချေးငွေ နှင့် အတိုးစုစုပေါင်းငွေ (၆၅၀၂၀၀၀၀/-) ကျပ်တိတိရလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်** တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

**၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မျိုးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ အမှတ်-25၊ ပထမထပ်၊ ၉၄-လမ်းနေ ဒေါ်ခင်ခင်လေး[၁၂/တမန(နိုင်)၀၈၈၇၇၈]၏သား မောင်အောင် ဝဏ္ဏစိုး[၁၂/တမန(နိုင်)၁၃၉၇၈၂]သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူအပြောအဆိုများကြောင့် 25-3-2024 ရက်မှစ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်အောင်ဝဏ္ဏစိုးနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စအဝဝကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်အောင်ဝဏ္ဏစိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်လေး**
**[၁၂/တမန(နိုင်)၀၈၈၇၇၈]**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၄

**ကမ္ဘာ့ရတနာဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) (၎င်းကိုယ်စား ဦးဝင်းကိုကို၊ ဒုတိယအထွေထွေမန်နေဂျာ)** (တရားလို)

နှင့်

**Min Myat Sitt Development Co; Ltd (၎င်းကိုယ်စား မန်နေဂျင်းဒါရိုက်တာ) ဦးဖြိုးထွန်းဇော်** (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၁၅) နေ တရားပြိုင် Min Myat Sitt Development Co; Ltd (၎င်းကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးထွန်းဇော်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"(၃၁-၁၀-၂၀၂၃)ရက်နေ့ထိ ချေးငွေ နှင့် အတိုးစုစုပေါင်းငွေ (၆၅၀၂၀၀၀၀/-)ကျပ်တိတိရလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၁ ရက်) နေ့ မွန်းမတည့်မီ (၁၀း၀၀)** နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မျိုးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်
## ၂၀၂၄ ခုနှစ်၊ မတ်လ (၂၉)ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေလ (၃)ရက်မှ (၁၂)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်း ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြ ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့် ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင် ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ် ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၂)၊ လူနေရပ်ကွက်အမှတ်-[ဒဂုံသီရိ(စိမ်းလဲ့ကန်သာ)အိမ်ရာ]၊ မြေကွက် အမှတ်(၄၇)၊ အကျယ်အဝန်း(၀.၂၃၀ဧက)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်မြတ်စုအောင် [၁၂/ကမရ(နိုင်) ၀၁၃၉၀၆] အမည်ဖြင့် တည်ရှိလျက်ရှိပြီး ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးအောင်နိုင်[၁၂/တမန(နိုင်)၀၃၅၇၄၉]နှင့် ဦးသက်ထွန်း[၁၂/တမန(နိုင်)၀၆၃၂၁၃]တို့က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချ လိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လို ပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၂၇)**
**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၂၀၈၇၁၊ ၀၉-၇၉၉၂၃၀၀၃၉**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၆)၊ ဓမ္မသုခလမ်း၊ မြေကွက်အမှတ်(၅၈၁) အမည်ပေါက် ဦးဝင်းကိုကို [၁၂/သဃက(နိုင်)၀၆၇၁၁၈]၊ ဒေါ်လှကြည်ဦး [၁၂/သဃက(နိုင်)၀၆၅၃၃၂] ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ မြေချပါမစ်အမျိုးအစား မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ၎င်းအမည်ပေါက်ထံမှတစ်ဆင့် အဆင့်ဆင့်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလွှမ်းမိုးဝင်း[၉/မခန(နိုင်)၁၇၃၉၁၀]မှ အရှုပ်အရှင်းမရှိ တရားဝင်ဝယ်ယူထားသောမြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသောမြေကွက် ဖြစ်သည်ဟု ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်စိမ်းလဲ့လဲ့ရည် [၅/မရန(နိုင်)၂၃၉၃၅၄]၊ မသန်းသန်းဆင့်[၁၄/မမက(နိုင်)၁၅၄၉၄၆]ထံသို့ ရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်မိတ်ဆွေများမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းချပစ္စည်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေပြီးဖြစ် ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-D၊ လူနေရပ်ကွက်အမှတ်-၁၀၊ သံလွင်လမ်း၊ မြေကွက်အမှတ်-၂၆ အီး/၁-ခ၊ အိမ်အမှတ်-၁၁၇/စီ၊ ဧရိယာ(၀.၀၆၈)ဧကရှိ ဦးဝင်းသော်ဦး အမည်ပေါက်မှတ်သားထားရှိသော မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ လူနေအိမ်တို့အား အရောင်းအဝယ်ဖျက်သိမ်းကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းစံဆိုင် [၁၂/ကတတ(နိုင်)၀၂၁၉၁၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ ထားပြီးဖြစ်ကြောင်းကို (၁၄-၃-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကြေညာထည့်သွင်းခဲ့သော်လည်း ဝယ်ယူသူ ဒေါ်နန်းစံဆိုင်မှ အထက်ဖော်ပြပါ အိမ်မြေအား ဝယ်ယူရန်ဆန္ဒမရှိတော့ပါသဖြင့် (၂၆-၃-၂၀၂၄)ရက်နေ့တွင် အရောင်း အဝယ်ဖျက်သိမ်းကြောင်းစာချုပ် ချုပ်ဆိုပြီးဖြစ်ကြောင်းနှင့် အရောင်းအဝယ် ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| **ဒေါ်နန်းစံဆိုင်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ကတတ(နိုင်)၀၂၁၉၁၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၃/M၊ အောင်သိဒ္ဓိရိပ်သာ** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **လမ်းသွယ်(၁)၊ (၃)ရပ်ကွက်၊** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **မရမ်းကုန်းမြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ပန်းတနော်မြို့ ဆေးရုံများသို့ ထာဝရငွေပဒေသာပင်လှူဒါန်း



**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်-၁၄၁ နေ (ဦးရွှေဒင်္ဂါး+ဒေါ်ကျင်တီ) တို့ကိုရည်စူး၍ ဦးအောင်ထွန်း+ဒေါက်တာစန်းစန်းရီ (သား)ကိုကျော်ဇောသန့် (အောင်သပြေ ဖယောင်းပုဆိုး၊ ကော်ဇောရောင်းဝယ်ရေးကုမ္ပဏီမိသားစု)တို့က ပန်းတနော်မြို့ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံ( ၄ )ရုံသို့ ထာဝရငွေပဒေသာပင် ကျပ်သိန်း-၁၃၃၀ လှူဒါန်းပွဲကို ၂၀၂၄ မတ်လ ၂၄ ရက် (တပေါင်းလပြည့်)နေ့က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**

**အခမ်းအနားတွင်လှူဒါန်းသည့် ထာဝရငွေပဒေသာပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ထွန်းနှင့် တိုက်နယ်ဆေးရုံ ( ၄ )ရုံမှ ဆရာဝန်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ သည်။(ပုံ) အောင်သပြေကုမ္ပဏီက ပန်းတနော်မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အတွက် ငွေပဒေသာပင်၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ နှစ်စဉ်မပြတ်လှူဒါန်းထားမှုမှာ ငွေကျပ် သိန်း-၂၄၀၀ ကျော်ဖြစ်ပါသည်။**

**ထို့နောက် ညနေ( ၃ )နာရီတွင် ပန်းတနော်မြို့ ၊ ရွှေမြင်တင်စေတီတော်မြတ်ကြီးကို စတီးရွှေသင်္ကန်းကပ်လှူရန်အတွက် ကျပ်သိန်း-၁၈၀၀ နှင့် ထာဝရငွေပဒေသာပင် ကျပ်သိန်း-၁၅၀ ထပ်မံလှူဒါန်းသည်။ အောင်သပြေကုမ္ပဏီမိသားစုက စေတီတော်မြတ်ကြီးသို့ ရေစက်ချလှူဒါန်း ထားပြီး ထာဝရငွေပဒေသာပင် စုစုပေါင်းမှာ ကျပ်သိန်း-၂၇၀၀ ကျော်ဖြစ်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ရတနာပုံ(၅)လမ်း၊ မြေကွက်အမှတ်(၈၉၈/ခ)၊ မြေအကျယ်အဝန်း(၂၀ပေ×၆၀ပေ)၊ဧရိယာ(၀.၀၂၇)ဧက၊(၁၂၀၀)စတုရန်း ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာန တွင် ဒေါ်ရွှေ(၁၂/သကတ(နိုင်)၀၂၄၅၄၉)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ထံမှ ယခုရောင်းချသူ ဒေါ်မာလာ(၁၂/သကတ(နိုင်)၀၂၆၄၅၇)သည် (၁၉-၁၀-၂၀၀၈)ရက်စွဲပါ "အရောင်း အဝယ်သဘောတူကတိစာချုပ်"အရ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများထံသို့ အပြီး အပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန် အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ် ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)
အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ် (၁၄၄၄) ငှက်ပြစ်တောင်ကွင်း၊ ဦးပိုင်အမှတ်-၅၁/၃၊ မြေဧရိယာ(၄.၃၉) ဧကရှိ ကျွန်တော်ပိုင်ယာမြေ၏ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပျောက်ဆုံးသွားပါသဖြင့် (ပုံစံ-၇) ဒုတိယမူရင်း မိတ္တူမှန် အသစ်ပြန်လည်ထုတ်ယူနိုင်ရန်အတွက် အမှတ်(၃)ရပ်ကွက်၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက (ပုံစံ-၇) ဒုတိယမူရင်းမိတ္တူမှန်အသစ် ပြန်လည်ထုတ်ယူရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြင့်မြတ်ဇော် [၇/လပတ(နိုင်)၀၈၈၀၄၆]**
**ဂန့်ဂါရပ်ကွက်၊ ပုဂံမြို့။**
**ဖုန်း-၀၉-၂၀၄၂၅၉၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ်-၃၂ မြေပေါ်တွင် ဆောက်လုပ်ထား သည့် (၂)ခန်းတွဲ(၃)ထပ်ခွဲတိုက်၏ ညာဘက်ခြမ်း၊ ပထမထပ်(ခေါင်းရင်းခန်း)၊ (၁၄ x ၄၉) ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နော်ကဖေါ်ဆဲ့ [၁၄/မမက(နိုင်) ၂၇၀၄၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမြင့် [၁၂/မရက(နိုင်)၁၄၆၇၄၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက် အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဌေးဌေးဝင်း (LL.B, D.B.L, B.A.S) (စဉ်-၉၃၉၃)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ Strand-Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၇၂၄၄၃၅၊ ၀၉-၇၉၂၄၄၀၇၇၆**

## ဦးစိုးအောင် (စီမံဌာနမှူး)
### ရန်ကင်းပညာရေးကောလိပ်(ငြိမ်း)
### အသက်(၈၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်နေ ဦးခင်မောင်ညွှန့်-ဒေါ်ထွေးကြည်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ ဦးမျိုးထက်-ဒေါ်ခင်စန္ဒာစိုး၊ ဦးသက်ထူးအောင်-Dr. ခင်ရူပါစိုး (ဆေးရုံအုပ်ကြီး)၊ ဦးမင်းထက်စိုး၊ ဦးထက်ဖြိုးဝင်း-Dr. ခင်သူဇာစိုးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး၊ (ဒေါ်ရီရီထွေး)၏ခင်ပွန်းဖြစ်သူ ဦးစိုးအောင်သည် ၂၆-၃-၂၀၂၄ ရက်တွင် King College Hospital London– Dubai၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၄ ရက် ညနေ ၄ နာရီတွင် ဒူဘိုင်းမြို့၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [၃၀-၃-၂၀၂၄ ရက် နံနက်တွင် ပင့်သံဃာငါးပါးတို့အား လှူဖွယ်ဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် အမ

## ဒေါ်ဖြူဖြူအောင်
### B.Sc (Hons:) (Maths:) အင်းလျားဆောင်
### Finance Manager
### အသက်(၅၅)နှစ်

[ဒေါက်တာ ဦးသိန်းအောင် (ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါ်သန်းနွဲ့ (အထပြ)]တို့၏ သမီးကြီး၊ ဒေါက်တာနီနီအောင်၊ ဦးချမ်းငြိမ်းအောင်-ဒေါ်သရဖီဝင်း၊ ဦးအောင်မျိုးထူး-ဒေါ်ကြည်ပြာအောင် (Singapore)၊ ဦးဘုန်းသက်တင်-ဒေါ်ဝါဝါအောင်တို့၏အစ်မကြီး၊ တူ/တူမ သုံးယောက်တို့၏ အဒေါ်ဖြစ်သူ ဒေါ်ဖြူဖြူအောင်သည် (၂၈-၃-၂၀၂၄)ရက် နံနက် ၉:၄၀ နာရီခန့်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၃၀-၃-၂၀၂၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး/ရပ်ဝေးရှိ ဆွေမျိုး၊ မိတ်ဆွေအပေါင်းတို့အား ညှိုးငယ်စွာ အသိပေးအပ်ပါသည်။ (အမှတ်- ၉၇၉၊ သော်ကလမ်း၊ Real Home Resident၊ မြောက်ဥက္ကလာရှိနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သိန်း
### အလုပ်ရုံစိတ်မှူး(ငြိမ်း)
### အသက်(၆၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်နွဲ့နွဲ့ရီ၏ခင်ပွန်း ဦးမြင့်သိန်းသည် ၂၀-၃-၂၀၂၄ ရက်က ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း၊

**နိုင်ငံခြားရေးဝန်ထမ်းဟောင်းများအသင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဏ္ဍ(၁၀)လမ်းနှင့် ကုန္ဒာဓမ္မာရုံလမ်းထောင့်၊ မြေကွက်အမှတ်-၉၂၂၊ RC၊ (၂)ခန်းတွဲ (၆)ထပ်၊ ကန်ထရိုက်တိုက်၏ တတိယလွှာ၊ ဒုတိယထပ်၊ ဘယ်ဘက်ခြမ်း၊ ထောင့်ခန်း၊ အလျား(၁၉)ပေxအနံ(၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုအပိုင်ရောင်းချသူ(ကန်ထရိုက်တာ) ဦးရင်ကြည် [၇/ပခန(နိုင်)၀၃၆၉၀၁]မှ ၎င်းပိုင်ဆိုင်လျက်ရှိသော အထက်ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားသူတစ်ဦးတစ်ယောက်အား ထပ်မံရောင်းချခြင်းမပြုကြောင်း ဝန်ခံကတိပြု၍ အဆိုပါတိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏အမှုသည်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ကြောင်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို တရားဝင် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးမျိုးမင်းဦး [၉/ငဇန(နိုင်)၀၈၃၈၉၄]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**ရုံးဖုန်း - 09-260087755, 09-421123477**

---

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

---

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ချိုချိုထွန်း
### သမဝါယမဦးစီးဌာန၊ သမဝါယမကောလိပ်(မန္တလေး)
### အသက်(၇၇)နှစ်

ကျေးဇူးရှင်အစ်မကြီး ဒေါ်ချိုချိုထွန်း၏ကျန်းမာရေးနှင့် နာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးကြပါသော ဓူဝံဆေးရုံမှ ဆရာဝန်ကြီးများနှင့်အတူ ပါဝင်ပြုစုကုသပေးကြသော ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ သမဝါယမဦးစီးဌာန၊ သမဝါယမကောလိပ်(မန္တလေး)မှ ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ တပည့်များအားလည်းကောင်း၊ ရေစကြိုမြို့နယ်အသင်း(မန္တလေး)အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ/သားများအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပညာရေးဝန်ထမ်းမိသားစုအားလည်းကောင်း၊ စိတ္တရမဟီရပ်ကွက် လူမှုကူညီရေးအသင်းနှင့် ရပ်ကွက်သူ/သားများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝမ်းနည်းကြောင်း အားပေးဆက်သွယ် ကူညီကြသူများ၊ ကုသိုလ်ပါဝင်သူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစန်းလှိုင်
### ညွှန်ကြားရေးမှူး [စက်မှုလယ်ယာ/ကကငွေ(ငြိမ်း)]
### အသက်(၈၇)

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)- ဒေါ်မိုးမိုးကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ ဖခင်ကြီး ဦးစန်းလှိုင်သည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**
**ဝန်ထမ်းမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၃၀)၊ မြေညီထပ်(B-1)၊ (၁၂.၅x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူဦးမိုးဟိန်း[၁၂/ရကန(နိုင်)၀၄၄၆၁၉]၊ ဒေါ်နန်းယဉ်မင်းထွေး[၁၃/ကတန(နိုင်)၀၈၀၅၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ပြည့်ဖြိုး[၁၂/ဥကတ(နိုင်)၁၇၉၆၈၇]၊ ဒေါ်အိအိမျိုးလွင်[၁၄/ပသန(နိုင်)၂၀၉၅၁၈]ကအပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့် အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း (၂၃)ရပ်ကွက်၊ မြေကွက်အမှတ်- (၁၁၈၀)၊ ဧရိယာ ခန့်မှန်းခြေ (၄၀ပေx ၆၀ပေ)ရှိ ဦးအေးသောင်းအမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၂၀ပေx ၆၀ပေ)မြေကွက်အား ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဇော် [၁၄/မမက(နိုင်)၂၁၃၁၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးညီညီအောင်**
**LL.B, DL.101 WIPO (Switzerland),**
**Diploma in Software Engineering, Diploma in English**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၇၁)**
**အမှတ်(၃၆)၊ ၃-လွှာ(B)၊ ၈၈-လမ်း၊ ကန်တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၃၁၆၀၁၈၆၊ ၀၉-၇၇၈၉၂၀၃၂၀**

---

### ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် (၈၄၂/က)ရှိ (၂၀ပေ x ၆၀ပေ)ခန့်ရှိ ဦးစောမောင် (CJ– 031587) (နှစ် ၆၀– ဂရန်အမည်ပေါက်) မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ် (၈၄၂)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် သီးပင်စားပင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်

အထက်ပါမြေကွက်အား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်သန္တာမြင့် [၁၂/သဃက(နိုင်)၀၃၅၅၇၅]ထံမှ ဦးအောင်မိုးကျော် [၇/ပခန(နိုင်)၀၅၀၈၉၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099,09-774597373,09-767779901**

---

## ဒေါ်ခင်အုံ့မူ
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ သစ္စာလမ်း၊ အမှတ်(၃၂)နေ (ဦးစံလှမောင်-ဒေါ်ကြင်မေ)တို့၏သမီး၊ (ဦးဘိုလေး-ဒေါ်တင်ပု)တို့၏သမီးချွေးမ၊ ဦးတင့်ဝေ၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ဇော်-ဒေါ်ဝေဝေမောင်၊ ဦးတင့်လွင်-ဒေါ်မီမီတင့်ဝေ၊ ဦးစိုးဝဏ္ဏ-ဒေါ်သင်းသင်းမာ၊ ဒေါ်ဂျူလိုင်စုဝေတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မမြတ်ခွန်းချို၊ မဟံသာသူလွင်၊ မောင်လင်းထက်ဩတို့၏ချစ်လှစွာသောအဘွားသည် (၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်) ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၀-၃-၂၀၂၄ (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်၍ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါ၍ ၁-၄-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစန်းလှိုင်
### [ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာ/ကကငွေ(ငြိမ်း)]
### အသက် (၈၇)နှစ်

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အတွင်းရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့)-ဒေါ်မိုးမိုးကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးစန်းလှိုင် (ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာ/ကကငွေ-ငြိမ်း) အသက်(၈၇)နှစ်သည် ၂၆-၃-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**First National Insurance (General) Co., Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစန်းလှိုင်
### ညွှန်ကြားရေးမှူး [စက်မှုလယ်ယာ/ကကငွေ (ငြိမ်း)]
### အသက် (၈၇)နှစ်

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)- ဒေါ်မိုးမိုးကြည်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ဖခင်ကြီး ဦးစန်းလှိုင်သည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ အမှတ် (၄၆)၊ ရွှေလမ်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်**
**အောင်သစ္စာဦးအသက်အာမခံကုမ္ပဏီလီမိတက်**

---

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ရွှေဥဒေါင်းလမ်း၊ အမှတ်(၂၄၇/က) ဟုခေါ်တွင်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူခြင်းကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးကျော်သန်း[၁၂/တမန(နိုင်)၀၂၅၅၅၂]က အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သဇင်အောင်[၁၂/ပဘတ(နိုင်)၀၃၄၂၄၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်နှင့်အဆောက်အဦတန်ဖိုးကျသင့်ငွေအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မောင်မောင်**
**အထက်တန်းရှေ့နေ(စဉ်-၄၅၁၂၇/၂၈-၁၁-၂၀၁၄)**
**အမှတ်(၆၆၆/ခ)၊ အင်းဝ(၁၉-က)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၇၁၇၈၈၈၇၈**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၄၀) ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း၊ (၈) ထပ်တိုက်၏ တတိယထပ် (၄-လွှာ) နှင့် စတုတ္ထထပ်၊ (၅-လွှာ)၊ အကျယ်အဝန်း (၃၀x ၆၅)ပေခန့်ရှိ တိုက်ခန်းနှစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဦးထိုက်လွန်းမောင် [၁၂/သခန (နိုင်)၀၀၀၄၇၀]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းများကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်LL.B** | **ဒေါ်အိဖြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |
| **ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း ၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စု၏ အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ

**၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စာမေးပွဲအထူးကြီးကြပ် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်**

စာမျက်နှာ » ၉

**KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရေးအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၀



**ဗီယက်နမ်နိုင်ငံ၏ ရေကူးဒိုင်ဗင် လက်ရွေးစင်အားကစားသမားရရှိခဲ့သည့် ဆုတံဆိပ်များဖြင့် အလှဆင်၍ စားသောက်ဆိုင်ဖွင့်လှစ်**

စာမျက်နှာ » ၁၈

## (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

နေပြည်တော် မတ် ၂၈

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❂



(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင် မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည်ကို တွေ့ရစဉ်။

## မြန်မာ ယူ-၁၉ အမျိုးသားအသင်း ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား



ရန်ကုန် မတ် ၂၈

နိုင်ငံတကာ ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အမျိုးသားအသင်းသည် မတ် ၂၇ ရက် ညနေပိုင်းက MNL ကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ (ဓါတ်ပုံ)

မြန်မာ ယူ-၁၉ အသင်းသည် ယခုလအတွင်း ပြည်တွင်း ခြေစမ်းပွဲများ ဆက်တိုက်ကစားလျက်ရှိပြီး

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ❖

## ဧပြီလအတွင်း အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် မတ် ၂၈

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်မှ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်သည်။

**မိုး/ဇလ**